မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်၊ ၂၀၀၇ ခုနှစ်၊ ဩဂုတ် ၂၈ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၆)၊ အမှတ် (၃၂၇)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာသွားသော ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့အား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်

နေပြည်တော် ဩဂုတ် ၂၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ယနေ့နံနက် ၉ နာရီခွဲတွင် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံတော်ဝန်ကြီးချုပ် မစ္စတာရတနာ သီရိဝပ်ခရမ်မာနာရာကာ၏ ဖိတ်ကြားချက်အရ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာသွားသော ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့အား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သည်။

စာမျက်နှာ ၃ ကော်လံ ၅ ✻

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာသွားသော ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့အား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံ Chairman of Council for National Security နှင့် ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General, Sonthi Boonyaratglin အား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ထိုင်းနိုင်ငံ Chairman of Council for National Security နှင့် ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General, Sonthi Boonyaratglin ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၄ ●

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဩဂုတ် ၂၈ ရက်)

မြန်မာ့ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဟိုတယ်ဇုန်များ နိုင်ငံတကာအဆင့်မီ ကြိုးပမ်းတည်ဆောက်

မြန်မာနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ သဘာဝတောတောင် ရေမြေအလှများသည် ကမ္ဘာလှည့်ခရီးသွားများအား ဆွဲဆောင်လျက် ရှိသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် ပုဂံခေတ်က စာပေ၊ ယဉ်ကျေးမှုနှင့် ဘာသာ သာသနာ ထွန်းကားရာ ခရီးသွားရပ်ဝန်းဒေသ ဖြစ်သည်။

ရန်ကုန်မြို့ရှိ မြတ်ရွှေတိဂုံ၊ ပဲခူးမြို့ရှိ ကမ္ဘောဇသာဒီနန်းတော်၊ မန္တလေးမြို့မှ မြနန်းစံကျော် ရွှေနန်းတော်နှင့် တန်ခိုးကြီးဘုရားများ၊ မွန်ပြည်နယ်ရှိ ကျိုက်ထီးရိုးစေတီတော်၊ ရခိုင်မှ ပုထိုးတော်များ၊ အင်းလေးကန်တို့သည် ကမ္ဘာလှည့်ဧည့်သည်များ စိတ်ဝင်တစား လာရောက်လေ့ရှိကြသော ဒေသများဖြစ်သည်။

ငပလီ၊ ချောင်းသာ၊ စက်စဲ စသော ကမ်းခြေများသည်လည်း ပြည်တွင်း၊ ပြည်ပခရီးသွားများ အပန်းဖြေ၊ နားနေရာ ထင်ရှားသည့် အပန်းဖြေစခန်းများဖြစ်သည်။

မကြာမီကာလအတွင်း ပွင့်လင်းရာသီရောက်ရှိတော့မည်ဖြစ်၍ ခရီးသွားလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးလာစေရန် သက်ဆိုင်ရာ ဌာနများက ကြိုးပမ်းစီမံ စီစဉ်လျက်ရှိသည်။

ဟိုတယ်ဇုန်များ၊ အပန်းဖြေစခန်းများ၊ အထင်ကရ နေရာဒေသများတွင် ရာသီမပြတ် စိမ်းလန်းစိုပြည်သာယာလှပရေး၊ နိုင်ငံတကာအဆင့်မီ ဝန်ဆောင်မှုများ အပြည့်အဝဖြည့်ဆည်းပေးနိုင်ရေးတို့ကို စီစဉ်ဆောင်ရွက်ထားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာ့ခရီးသွားလုပ်ငန်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် ဟိုတယ်လုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော် စောင်းတန်းတည်ဆောက်ရန်ငွေလှူဒါန်း

ရန်ကုန် ဩဂုတ် ၂၇

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် သမိုင်းဘူတာရုံလမ်း အမှတ် ၉၅နေ ကျေးဇူးရှင်နှစ်ဖက်သောမိဘများအား ရည်စူး၍ ဦးသိန်းစိုး–ဒေါ်ကြင်ယုံ၊ သားသမီး၊ မြေးတစ်စုတို့က ငွေကျပ်တစ်သိန်းကို လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင် ဦးထွန်းနှင့် ဦးသန်းလွင်တို့က လက်ခံယူသည်။ **(အောက်ပုံ)**

ဆက်သွယ်လှူဒါန်း

အဆိုပါစောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် စေတီတော်ဂေါပကရုံး ဖုန်း–၆၆၀၀၀၆နှင့် ၇၁၀၃၇၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

သား၊ ငါး ကဏ္ဍဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကျင်းပ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း အမှာစကားပြောကြား ဘက်စုံတိုးမြှင့်အကောင်အထည်ဖော်ရေးဆွေးနွေး

ရန်ကုန် ဩဂုတ် ၂၇

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန သား၊ ငါးကဏ္ဍဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ဩဂုတ် ၂၅ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး သီရိအဏ္ဏဝါခန်းမဆောင်၌ ကျင်းပရာ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နာယကက မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်၍ သား၊ငါးကဏ္ဍဆိုင်ရာ ဘက်စုံတိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း သား၊ငါးကဏ္ဍဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (မွေးမြူရေးနှင့်ရေလုပ်ငန်း)

ဆွေးနွေးတင်ပြ

ထို့နောက် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံငါးမွေးမြူရေး လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ငါး၊ ပုစွန်အစာထုတ်လုပ် ရောင်းဝယ်သူများအသင်း၊ ပင်လယ် ငါးဖမ်း လုပ်ငန်းရှင်များအသင်း၊ ရေချိုငါးဖမ်း လုပ်ငန်းရှင်များ အသင်း၊ ရန်ကုန်တိုင်း ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ငါးရှဉ့်၊ကဏန်း၊ အလှမွေးငါးလုပ်ငန်းရှင်များ အသင်းတို့မှ ဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များနှင့် အသင်းဝင်များ ကဏ္ဍအလိုက် မွေးမြူထုတ်လုပ် တင်ပို့မှုများနှင့် တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လုပ်ငန်းဆိုင်ရာ အခြေအနေများကို အသေးစိတ်ဆွေးနွေး တင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များ အပေါ် ဝန်ကြီးက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကြောင်းသတင်းရရှိသည်။**(သတင်းစဉ်)**

ပြိုင်ဆိုင်မှု၏ အားသာချက်ကို နားလည်သဘောပေါက်ခြင်း ဟောပြောမည်

ရန်ကုန် ဩဂုတ် ၂၇

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု၊ ရွှေကြည်သာထရေးဒင်း၏ ပံ့ပိုးကူညီမှုတို့ဖြင့် စက်တင်ဘာ ၁ရက် မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကထိက ဒေါက်တာ ဝါဝါမောင် (အသုံးချ ဘောဂဗေဒဌာန၊ ရန်ကုန်စီးပွားရေး တက္ကသိုလ်)က ပြိုင်ဆိုင်မှု၏ အားသာချက်ကို နားလည်သဘောပေါက်ခြင်း ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဩဂုတ် ၁၉ရက်က အင်းစိန်မြို့နယ် အမှတ် (၆) အခြေခံပညာ အလယ်တန်းကျောင်း မိဘဆရာ အသင်း နှစ်ပတ်လည်အစည်းအဝေး နှင့် ပညာရည်ချွန် ဆုပေးပွဲတွင် မိဘဆရာအသင်းနှင့်ကျောင်းအကျိုးတော်ဆောင်အဖွဲ့က ငွေကျပ် ၁၈၃၀၀၀ တန် ရုပ်မြင်သံကြား ပြစက်တစ်လုံးနှင့် ဒီဗွီဒီစက်တို့ကို လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သောင်းရက လက်ခံယူစဉ်။ (က–ပ)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ထိုင်းနိုင်ငံ Chairman of Council for National Security နှင့် ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General, Sonthi Boonyaratglin ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

● ရှေ့ဖုံးမှ

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် ထိုင်းနိုင်ငံ Chairman of Council for National Security နှင့် ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General, Sonthi Boonyaratglin ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Bansarn Bunnag နှင့် စစ်သံမှူး Colonel, Prissapa Suvanatat တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

✱ ရှေ့ဖုံးမှ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ၎င်းတို့၏ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံရုံး သံရုံးယာယီတာဝန်ခံ Mrs. H.M. G.R.R.K. Wijeratne Mendis တို့က နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါ

ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်စိုး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါသွားကြသည်။

(သတင်းစဉ်)

❒ ကျောဖုံးမှ

နိုင်ငံရေးပါတီများဖြစ်ကြသည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီနှင့် 'ဝ'အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသား လူမျိုး ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့်ဝန်ကြီးဌာနအသီးသီးတို့မှ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသားအဖွဲ့အစည်းများ ဖြစ်ကြသော ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅)(KDA)၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)၊ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ကချင်ပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီ အမျိုးသားဒီမိုကရက်တစ်ပါတီ (KNDP) (နဂါး)အဖွဲ့၊ ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ (KNPP) ခွဲထွက်(ဟိုယာ)၊ ကရင်နီအမျိုးသား စည်းလုံးညီညွတ်ရေးပါတီ (ကမစည)၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင် အမျိုးသားအစည်းအရုံး (DKBA)၊ ဟောင်သရော အထူးဒေသအဖွဲ့၊ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ခဲ့ကြသည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့၊ ဗမာပြည်ကွန်မြူနစ်ပါတီ (ရခိုင်အဖွဲ့)၊ ရခိုင်တပ်မတော်(AA)အဖွဲ့၊ ဟိုမိန်းဒေသဖွံ့ဖြိုးရေးနှင့် သက်သာချောင်ချိရေးအဖွဲ့၊ ရွှေပြည်အေး (MTA) အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင်ငြိမ်းချမ်းရေးအဖွဲ့(ချောင်ချိဒေသ)နှင့် မွန်(ခွဲထွက်) နိုင်စိုက်ချမ်းအဖွဲ့တို့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေး မစတင်မီ နံနက် ၇ နာရီခွဲမှစတင်၍ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေး ကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကံညွန့်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီမှ ဦးမျိုးသန့်(မောင်ဆုရှင်)၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးစောဖီးလစ်(ခေါ်) ဦးဖီးလစ်ဆမ်၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်ကြီး၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့မှဦးမောင်လှ(ခေါ်)ဦးလှမြင့်၊ အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကျော်ဝင်းထွန်း၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့မှဒေါက်တာမောင်မောင်ဝင့်၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးတင်ခနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှ ဒေါက်တာမနန်တူးဂျာတို့က ဆောင်ရွက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၇၁ ဦးရှိပြီး ညီလာခံကိုယ်စားလှယ် ၁၀၅၄ ဦးတို့ တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၄၁ ရာခိုင်နှုန်းရှိ၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေး သဘာပတိ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကံညွန့်က အမှာစကား ပြောကြားသည်။

စတင်ဖတ်ကြား

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရန် အမျိုးသားညီလာခံက ချမှတ်သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ညှိကျသဘာပတိအဖွဲ့က အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ ဖတ်ကြားတင်ပြကြရာ ရှေးဦးစွာ အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ညှိကျသဘာပတိအဖွဲ့ဝင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီမှ ဦးမျိုးသန့်(မောင်ဆုရှင်)က 'နိုင်ငံတော်အခြေခံမူများအခန်း'ကို စတင် ဖတ်ကြားတင်ပြသည်။

[ဦးမျိုးသန့် (မောင်ဆုရှင်) ဖတ်ကြား တင်ပြသည့် 'နိုင်ငံတော်အခြေခံမူများအခန်း'ကို သီးခြား ဖော်ပြထားပါသည်။]

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ညှိကျ သဘာပတိအဖွဲ့ဝင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးစောဖီးလစ်(ခေါ်) ဦးဖီးလစ်ဆမ်က "နိုင်ငံတော်ဖွဲ့စည်း တည်ဆောက်ပုံအခန်း"နှင့် "နိုင်ငံတော်အကြီးအကဲအခန်း" တို့ကို ဆက်လက်ဖတ်ကြားတင်ပြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၉ နာရီ ၅၅ မိနစ်တွင် ခေတ္တရပ်နားသည်။

[ဦးစောဖီးလစ်(ခေါ်)ဦးဖီးလစ်ဆမ် ဖတ်ကြားတင်ပြသည့် နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအခန်းနှင့် နိုင်ငံတော်အကြီးအကဲအခန်းတို့ကို သီးခြားဖော်ပြထားပါသည်။]

ထို့နောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကိုနံနက်၁၀ နာရီ၁၀မိနစ်တွင် ပြန်လည်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် အခြေခံရန် အမျိုးသားညီလာခံက ချမှတ်သည့်အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများကို အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ညှိကျသဘာပတိအဖွဲ့ဝင်များ ဖြစ်ကြသည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်ကြီးက"ဥပဒေပြုရေးအခန်း"ရှိ ဥပဒေပြုရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းကိုလည်းကောင်း၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်လှ(ခေါ်)ဦးလှမြင့်က "ဥပဒေပြုရေးအခန်း"ရှိ ဥပဒေပြုရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းနှင့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းတို့ကို လည်းကောင်း ဆက်လက် ဖတ်ကြားတင်ပြကြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် ရပ်နားလိုက်သည်။

[ဦးမောင်ကြီးနှင့် ဦးမောင်လှ(ခေါ်) ဦးလှမြင့်တို့ ဖတ်ကြားတင်ပြသည့် ဥပဒေပြုရေးအခန်းကို ဆက်လက် ဖော်ပြသွားပါမည်။]

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ဩဂုတ် ၂၈ ရက် (အင်္ဂါနေ့) နံနက် ၉ နာရီတွင် ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံတော်၏အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံးမှာတည်သည် နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်

ရန်ကုန် သြဂုတ် ၂၇

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရန် အမျိုးသားညီလာခံက ချမှတ်သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့က အမျိုးသား ညီလာခံစုံညီ အစည်းအဝေးသို့ ဖတ်ကြားတင်ပြကြရာ အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီမှ ဦးမျိုးသန့်(မောင်ဆုရှင်)ဖတ်ကြားတင်ပြသည့် 'နိုင်ငံတော် အခြေခံမူများအခန်း'မှာ အောက်ပါအတိုင်းဖြစ်သည်–

အခန်း(၁)
နိုင်ငံတော်အခြေခံမူများ

၁။ နိုင်ငံတော်နှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများ–

(က) မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့် နိုင်ငံဖြစ်သည်၊

(ခ) နိုင်ငံတော်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟု ခေါ်တွင်မည်၊

(ဂ) နိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ စုပေါင်းနေထိုင်ကြသော နိုင်ငံဖြစ်သည်၊

(ဃ) နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံးမှာ တည်သည်၊

(င) နိုင်ငံတော်၏ မြေထု၊ ရေထု၊ လေထုပါဝင်သော နယ်နိမိတ်သည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအတည်ဖြစ်သည့်နေ့တွင် တည်ရှိသည့်အတိုင်းဖြစ်သည်။

၂။ နိုင်ငံတော်၏ ဦးတည်ချက်နှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများ–

နိုင်ငံတော်သည်–

(က) ပြည်ထောင်စုမပြိုကွဲရေး၊

(ခ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊

(ဂ) အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊

(ဃ) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး၊

(င) နိုင်ငံတော်၌တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး၊

(စ) နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကို အစဉ်တစိုက် ဦးတည်သည်။

၃။ ပါတီစုံဒီမိုကရေစီနှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများ–

နိုင်ငံတော်သည်စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်။

၄။ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများ–

(က) နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်၊

(ခ) ရှိရင်းစွဲ တိုင်း(၇)တိုင်းကို တိုင်းဒေသကြီး (Region)(၇)ခုအဖြစ်လည်းကောင်း၊ ရှိရင်းစွဲ ပြည်နယ် (၇)ပြည်နယ်ကို ပြည်နယ် (State) (၇) ပြည်နယ်အဖြစ်လည်းကောင်း ပိုင်းခြားသတ်မှတ်သည်။ ထိုတိုင်းဒေသကြီး(၇)ခုနှင့် ပြည်နယ်(၇)ပြည်နယ်တို့သည် အဆင့်အတန်း တူညီကြသည်၊

(ဂ) ထိုတိုင်းဒေသကြီး(၇)ခုနှင့် ပြည်နယ် (၇)ပြည်နယ်တို့၏ အမည်များကို ရှိရင်းစွဲအတိုင်း ခေါ်ဆိုသုံးနှုန်းသည်၊

(ဃ) တိုင်းဒေသကြီးတစ်ခုခု၏ အမည်ကိုဖြစ်စေ၊ ပြည်နယ်တစ်နယ်နယ်၏ အမည်ကိုဖြစ်စေ ပြောင်းလဲ သတ်မှတ်လိုလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း နေထိုင်ကြသော နိုင်ငံသားများ၏ ဆန္ဒရယူပြီး ဥပဒေပြဋ္ဌာန်းခြင်းဖြင့် ပြောင်းလဲ သတ်မှတ်မည်၊

(င) နိုင်ငံတော်တွင် ပါဝင်သည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများစသည့် နိုင်ငံတော်၏ နယ်မြေအပိုင်းအခြားဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမှ ခွဲမထွက်ရ။

၅။ နိုင်ငံတော်အချုပ်အခြာအာဏာ ပိုင်းခြားခွဲဝေခြင်းနှင့် စပ်လျဉ်းသည့် အခြေခံရမည့်မူများ–

(က) နိုင်ငံတော် အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေး အာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းခြင်းတို့ ပြုသည်၊

(ခ) ထိုသို့ ပိုင်းခြားထားသည့် နိုင်ငံတော်အာဏာသုံးရပ်ကို ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား ခွဲဝေအပ်နှင်းသည်။

၆။ ဥပဒေပြုရေးနှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများ–

(က) နိုင်ငံတော်၏ ဥပဒေပြုရေးအာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များအား ခွဲဝေအပ်နှင်းသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကသတ်မှတ်သော ဥပဒေပြုရေးအာဏာကို ခွဲဝေအပ်နှင်းမည်၊

အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီမှ ဦးမျိုးသန့် (မောင်ဆုရှင်) ဖတ်ကြား တင်ပြစဉ်။

(သတင်းစဉ်)

(ခ) ပြည်ထောင်စုလွှတ်တော်တွင် မြို့နယ်ကို အခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း၊ ရွေးကောက်တင်မြှောက်သည့် လွှတ်တော်တစ်ရပ်၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ ကိုယ်စားလှယ်ဦးရေ တူညီစွာ ရွေးကောက် တင်မြှောက်သည့် လွှတ်တော်တစ်ရပ် ပေါင်းနှစ်ရပ်ပါရှိသည်၊

(ဂ) တိုင်းဒေသကြီး (၇)ခုတွင် တိုင်းဒေသကြီး လွှတ်တော်တစ်ရပ်စီနှင့် ပြည်နယ် (၇)ပြည်နယ်တွင် ပြည်နယ်လွှတ်တော်တစ်ရပ်စီ ရှိသည်၊

(ဃ) ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များတွင် လွှတ်တော်ကိုယ်စားလှယ်များအဖြစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်သည့်ဦးရေအတိုင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းသည့် တပ်မတော်သားများ ပါဝင်သည်၊

(င) လျော်ကန်သင့်မြတ်သည့်လူဦးရေရှိသည့် တိုင်းရင်းသားလူမျိုးများအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဥပဒေပြုရေးတွင် ထိုတိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ ပါဝင်ခွင့်ရှိသည်။

၇။ အုပ်ချုပ်ရေးနှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများ–

(က) နိုင်ငံတော်အုပ်ချုပ်ရေးအကြီးအကဲသည် နိုင်ငံတော်သမ္မတဖြစ်သည်၊

(ခ) နိုင်ငံတော်အုပ်ချုပ်ရေးအာဏာကို ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအား ခွဲဝေအပ်နှင်းသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများအား ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ပေးသည့်အတိုင်း ခွဲဝေအပ်နှင်းမည်၊

(ဂ) ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုနှင့် ခရိုင်အုပ်ချုပ်ရေးတို့တွင် ကာကွယ်ရေး၊ လုံခြုံရေး၊ နယ်စပ်အုပ်ချုပ်ရေး စသည့် တာဝန်များထမ်းဆောင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းသည့် တပ်မတော်သားများ ပါဝင်သည်၊

(ဃ) အထက်အပိုဒ် ၆၊ အပိုဒ်ခွဲ(င)အရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဥပဒေပြုရေးတွင် ကိုယ်စားလှယ် ပါဝင်ခွင့်ရရှိသည့် တိုင်းရင်းသားလူမျိုးဖြစ်လျှင် ထိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအုပ်ချုပ်ရေးတွင် အဓိကအားဖြင့် ထိုတိုင်းရင်းသားလူမျိုးများ ရေးရာကို ဆောင်ရွက်နိုင်ရေးအတွက် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ ပါဝင်ခွင့်ပြုရန်ဖြစ်သည်။

၈။ တရားစီရင်ရေးနှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများ–

(က) နိုင်ငံတော်၏တရားစီရင်ရေးအာဏာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်များ၊ ပြည်နယ်တရားလွှတ်တော်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတရားရုံးများ အပါအဝင် အဆင့်ဆင့်သော တရားရုံးများအား ခွဲဝေအပ်နှင်းသည်၊

(ခ) ပြည်ထောင်စုတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ်တစ်ရပ် ထားရှိသည်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နိုင်ငံတော်၏ အမြင့်ဆုံး တရားရုံးဖြစ်သည်၊

(ဂ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် စာချွန်တော် အမိန့်များ ထုတ်ပိုင်ခွင့်အာဏာများ ရှိသည်၊

(ဃ) တိုင်းဒေသကြီးတွင် တိုင်းဒေသကြီးတရားလွှတ်တော်တစ်ရပ်စီလည်းကောင်း၊ ပြည်နယ်တိုင်းတွင် ပြည်နယ်တရားလွှတ်တော် တစ်ရပ်စီလည်းကောင်း ထားရှိသည်၊

(င) အောက်ပါတို့ကို တရားစီရင်ရေးမူများအဖြစ် သတ်မှတ်သည်–

– ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေး၊

– ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး၊

– အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့်အယူခံပိုင်ခွင့်ရရှိရေး။

၉။ တပ်မတော်နှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများ–

(က) တပ်မတော်သည် အင်အားတောင့်တင်းပြီး ခေတ်မီသည့် တစ်ခုတည်းသော တပ်မတော်ဖြစ်သည်၊

(ခ) တပ်မတော်သည် တပ်ပိုင်းဆိုင်ရာကိစ္စအားလုံးကို လွတ်လပ်စွာ စီမံခန့်ခွဲ စီရင်ဆောင်ရွက်ပိုင်ခွင့် ရှိသည်၊

(ဂ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် လက်နက်ကိုင်တပ်ဖွဲ့အားလုံး၏ အကြီးအကဲဖြစ်သည်၊

(ဃ) တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံး ပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်၊

(င) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်တွင် အဓိကတာဝန်ရှိသည်၊

(စ) တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်။

၁၀။ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ တာဝန်များနှင့် စပ်လျဉ်းသည့် အခြေခံရမည့်မူများ–

(က) နိုင်ငံသားတိုင်းသည် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှမှု အခွင့်အရေး၊ လွတ်လပ်မှု အခွင့်အရေး၊ တရားမျှတမှု အခွင့်အရေးစသည်တို့ ခံစားခွင့်ရှိမည်၊

(ခ) တရားရုံး၏ခွင့်ပြုချက် မရရှိက နိုင်ငံသားတစ်ဦးကို (၂၄)နာရီထက်ကျော်လွန်၍ ချုပ်နှောင်ထားခွင့် မရှိစေရ၊

(ဂ) ပြည်သူတို့၏ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်၊

(ဃ) နိုင်ငံသားများ၏ လွတ်လပ်ခွင့်၊ လုပ်ပိုင်ခွင့်၊ ခံစားခွင့်၊ တာဝန်နှင့်တားမြစ်ချက်များ ထိရောက်ခိုင်မာပြည့်စုံစေရန် လိုအပ်သော ဥပဒေပြဋ္ဌာန်းမည်။

၁၁။ တိုင်းရင်းသားများနှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများ –

(က) နိုင်ငံတော်သည် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်၊

(ခ) နိုင်ငံတော်သည် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန် ကူညီဆောင်ရွက်မည်၊

(ဂ) နိုင်ငံတော်သည် တိုးတက်ဖွံ့ဖြိုးမှု နည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ ပါဝင်သော လူမှုစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်မည်။

၁၂။ တောင်သူလယ်သမားများနှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများ –

(က) နိုင်ငံတော်သည် တောင်သူလယ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့် ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မည်၊

(ခ) တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် တန်ဖိုးရရှိရန် ကူညီဆောင်ရွက်မည်။

၁၃။ အလုပ်သမားများနှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများ–

– နိုင်ငံတော်သည် အလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မည်။

၁၄။ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် စပ်လျဉ်းသည့် အခြေခံရမည့်မူများ–

– နိုင်ငံတော်သည် အသိပညာရှင်၊ အတတ်ပညာရှင်များ၏ အကျိုးကို ကူညီဆောင်ရွက်မည်။

၁၅။ နိုင်ငံ့ဝန်ထမ်းများနှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများ–

(က) နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းရမည်၊

(ခ) နိုင်ငံတော်သည် နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းခွင် အာမခံချက်ရရှိရေး၊ စားဝတ်နေမှုဖူလုံရေး၊ အိမ်ထောင်ရှင် အမျိုးသမီးဝန်ထမ်းများ မီးဖွားခြင်းဆိုင်ရာ အကျိုးခံစားခွင့် ရရှိရေးနှင့် အငြိမ်းစားဝန်ထမ်းများ စားဝတ်နေမှု သက်သာချောင်ချိရေးတို့အတွက် လိုအပ်သည့် ဥပဒေများ ပြဋ္ဌာန်းမည်။

၁၆။ အမျိုးသားယဉ်ကျေးမှုနှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများ–

– နိုင်ငံတော်သည် အမျိုးသားယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ခိုင်မာရေးနှင့် စောင့်ရှောက်ထိန်းသိမ်းရေးအတွက် ကူညီဆောင်ရွက်မည်။

၁၇။ ပညာရေး၊ ကျန်းမာရေးနှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများ–

(က) နိုင်ငံတော်သည် ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေး တိုးတက်စေရေးတို့အတွက် အလေးထားဆောင်ရွက်မည်၊

(ခ) နိုင်ငံတော်သည် ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေးတို့တွင် တိုင်းရင်းသား ပြည်သူများက ပါဝင်ဆောင်ရွက်နိုင်ရန် လိုအပ်မည့် ဥပဒေပြဋ္ဌာန်းဆောင်ရွက်မည်၊

(ဂ) နိုင်ငံတော်သည် အခမဲ့ မသင်မနေရ မူလတန်း ပညာရေးစနစ် ဖော်ဆောင်မည်၊

(ဃ) နိုင်ငံတော်သည် ဘက်စုံအတွေးအခေါ် အယူအဆ မှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးပြုမည့် ခေတ်မီပညာရေးစနစ် ဖော်ဆောင်မည်။

၁၈။ စိုက်ပျိုးရေးနှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများ–

– နိုင်ငံတော်သည် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရန် နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်းအစရှိသည်တို့ကို အတတ်နိုင်ဆုံးဖြည့်ဆည်းမည်။

၁၉။ စက်မှုလက်မှုနှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများ–

– နိုင်ငံတော်သည် စက်မှုလက်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်းအစရှိသည်တို့ကို အတတ်နိုင်ဆုံး ဖြည့်ဆည်းမည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့

နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်

ရန်ကုန် ဩဂုတ် ၂၇

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် အခြေခံရန် အမျိုးသားညီလာခံက ချမှတ်သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ကျသဘာပတိအဖွဲ့က အမျိုးသားညီလာခံစုံညီ အစည်းအဝေးသို့ ဖတ်ကြားတင်ပြကြရာ အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ကျသဘာပတိအဖွဲ့ဝင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးစောဖီးလစ်(ခေါ်)ဦးဖီးလစ်ဆမ် ဖတ်ကြားတင်ပြသည့် 'နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအခန်း'နှင့် 'နိုင်ငံတော်အကြီးအကဲအခန်း'မှာ အောက်ပါအတိုင်းဖြစ်သည်–

အခန်း(၂)

နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ

၁။ နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်။

၂။ နိုင်ငံတော်ကို အောက်ပါ တိုင်းဒေသကြီး(Region) (၇)ခု၊ ပြည်နယ်(State) (၇)ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေများဖြင့် ပိုင်းခြားသတ်မှတ်သည်–
- ကချင်ပြည်နယ်၊
- ကယားပြည်နယ်၊
- ကရင်ပြည်နယ်၊
- ချင်းပြည်နယ်၊
- စစ်ကိုင်းတိုင်းဒေသကြီး၊
- တနင်္သာရီတိုင်းဒေသကြီး၊
- ပဲခူးတိုင်းဒေသကြီး၊
- မကွေးတိုင်းဒေသကြီး၊
- မန္တလေးတိုင်းဒေသကြီး၊
- မွန်ပြည်နယ်၊

အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ကျ သဘာပတိ အဖွဲ့ဝင် နိုင်ငံရေး ပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးစောဖီးလစ်(ခေါ်) ဦးဖီးလစ်ဆမ် ဖတ်ကြားတင်ပြစဉ်။
(သတင်းစဉ်)

- ရခိုင်ပြည်နယ်၊
- ရန်ကုန်တိုင်းဒေသကြီး၊
- ရှမ်းပြည်နယ်၊
- ဧရာဝတီတိုင်းဒေသကြီးနှင့်
- ပြည်ထောင်စုနယ်မြေများ။

၃။ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့သည် အဆင့်အတန်း တူညီကြသည်။

၄။ တိုင်းဒေသကြီးတစ်ခုခု၏ အမည်ကိုဖြစ်စေ၊ ပြည်နယ်တစ်နယ်နယ်၏ အမည်ကိုဖြစ်စေ ပြောင်းလဲသတ်မှတ်လိုလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းနေထိုင်ကြသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားများ၏ ဆန္ဒရယူပြီး ဥပဒေပြဋ္ဌာန်းခြင်းဖြင့် ပြောင်းလဲသတ်မှတ်မည်။

ပြည်ထောင်စုနယ်မြေများ သတ်မှတ်ခြင်း။

၅။ (က) နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်။

(ခ) နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး စသည်တို့နှင့်စပ်လျဉ်းပြီး ထူးခြားသောအခြေအနေရှိသည့် နယ်မြေများကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ရန် လိုအပ်လျှင် ဥပဒေပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်နိုင်သည်။

နိုင်ငံတော်ကိုစုစည်းခြင်း။

၆။ နိုင်ငံတော်ကိုစုစည်းခြင်းနှင့်စပ်လျဉ်း၍–
- ကျေးရွာများကို ကျေးရွာအုပ်စုအဖြစ်လည်းကောင်း၊
- ရပ်ကွက်များကို မြို့ သို့မဟုတ် မြို့နယ်အဖြစ်လည်းကောင်း၊
- ကျေးရွာအုပ်စုနှင့် ရပ်ကွက်များ သို့မဟုတ် မြို့များကို မြို့နယ်အဖြစ်လည်းကောင်း၊
- မြို့နယ်များကို ခရိုင်အဖြစ်လည်းကောင်း၊
- ခရိုင်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖြစ်လည်းကောင်း၊
- ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ထိုဒေသအတွင်းရှိ မြို့နယ်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ်လည်းကောင်း၊
- ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတွင် ထိုတိုင်းအတွင်းရှိ မြို့နယ်များကို ခရိုင်အဖြစ်စုစည်းပြီး ယင်းခရိုင်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းအဖြစ်လည်းကောင်း၊
- တိုင်းဒေသကြီးတစ်ခု သို့မဟုတ် ပြည်နယ်တစ်နယ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသရှိပါက ကိုယ်ပိုင်အုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖြစ်လည်းကောင်း၊
- တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ပြည်ထောင်စုနယ်မြေများကို နိုင်ငံတော်အဖြစ်လည်းကောင်း စုစည်းရမည်။

၇။ နိုင်ငံတော်တွင် ပါဝင်သည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ပြည်ထောင်စုနယ်မြေများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများစသည့် နိုင်ငံတော်၏ နယ်မြေအပိုင်းအခြားဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမှ ခွဲမထွက်ရ။

နိုင်ငံတော်နယ်နိမိတ်ပြင်ဆင်ခြင်း။

၈။ (က) နိုင်ငံတော်နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ရန်လိုအပ်ပါက နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော် အကြီးအကဲထံ နိုင်ငံတော်

စာမျက်နှာ ၆ ကော်လံ ၁ သို့

စာမျက်နှာ ၄ မှ

၂၀။ အလုပ်အကိုင်နှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများ–
- နိုင်ငံတော်သည် ပြည်သူများအလုပ်လက်မဲ့ နည်းပါးစေရန် တတ်နိုင်သမျှ ကူညီဆောင်ရွက်မည်။

၂၁။ မိခင်၊ ကလေး၊ အိုမင်းမစွမ်းသူများနှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများ–

(က) နိုင်ငံတော်သည် မိခင်နှင့်ကလေးသူငယ်များ၊ မိဘမဲ့ကလေးများ၊ ကျဆုံးသော တပ်မတော်သားများ၏ ကလေးများ၊ အိုမင်းမစွမ်းသူများ၊ မသန်မစွမ်းသူများအား ကြည့်ရှုစောင့်ရှောက်မည်၊

(ခ) နိုင်ငံတော်သည် မသန်မစွမ်းဖြစ်လာသော တပ်မတော်သားများအား သင့်တင့်လျောက်ပတ်စွာ နေထိုင်စားသောက်နိုင်စေရန်နှင့် အသက်မွေးပညာကို အခလွတ်သင်ယူနိုင်စေရန် စီမံဆောင်ရွက်မည်။

၂၂။ လူငယ်နှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများ–
- နိုင်ငံတော်သည် လူငယ်များမျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ် မှန်ကန်ရေးနှင့် ဗလငါးတန် တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်မည်။

၂၃။ ဘာသာ သာသနာရေးနှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများ–
- ငြိမ်ဝပ်ပိပြားရေးနှင့်သော်လည်းကောင်း၊ ပြည်သူ့ကိုယ်ကျင့်တရားနှင့်သော်လည်းကောင်း ပြည်သူ့ကျန်းမာရေးနှင့်သော်လည်းကောင်း၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြား ပြဋ္ဌာန်းချက်တို့နှင့်သော်လည်းကောင်း၊ မဆန့်ကျင်လျှင် နိုင်ငံသားတိုင်းသည် ဘာသာသာသနာရေးတွင် လွတ်လပ်စွာယူဆနိုင်သောအခွင့်အရေး၊ လွတ်လပ်စွာကိုးကွယ်ဆောက်တည်နိုင်သောအခွင့်အရေးတို့ကို အညီအမျှရရှိရမည်။

၂၄။ စီးပွားရေးနှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများ–

(က) နိုင်ငံတော်၏စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်၊

(ခ) နိုင်ငံတော်သည် အမျိုးသားစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ သမဝါယမအဖွဲ့အစည်းများ၊ ဖက်စပ်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကစသည့် စီးပွားရေးအင်အားစုအားလုံးကို စီးပွားရေးလုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်ခွင့်ပြုသည်၊

(ဂ) နိုင်ငံတော်သည် စီးပွားရေးလုပ်ငန်းများတွင် တရားသဖြင့်ယှဉ်ပြိုင်ခြင်းကိုပျက်ပြားစေရန် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ်ဆောင်ရွက်မှုသို့မဟုတ် ဈေးကစားမှုပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်မည်၊

(ဃ) နိုင်ငံတော်သည် အများပြည်သူတို့၏ နေထိုင်မှု အဆင့်အတန်းမြင့်တင်ရေးနှင့် အထွေထွေအရင်းအနှီးများ တိုးတက်ဖွံ့ဖြိုးရေးတို့ကို ရှေးရှုဆောင်ရွက်မည်၊

(င) နိုင်ငံတော်သည် စီးပွားရေးဆိုင်ရာလုပ်ငန်းများကို နိုင်ငံပိုင်သိမ်းယူခြင်းမပြု၊

(စ) နိုင်ငံတော်သည် တရားဝင်ထုတ်ဝေထားသော ငွေကြေးကို တရားမဝင် ငွေကြေးအဖြစ် သတ်မှတ်ခြင်းမပြု။

၂၅။ မြေ၊ ရေ၊ လေ၊ သယံဇာတပစ္စည်းနှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများ–

(က) နိုင်ငံတော်သည် နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ် မြေအောက်၊ ရေပေါ်ရေအောက်၊ လေထုအတွင်းရှိ သယံဇာတပစ္စည်း အားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်၊

(ခ) နိုင်ငံတော်သည် နိုင်ငံပိုင် သယံဇာတပစ္စည်းများအား စီးပွားရေးအင်အားစုများကထုတ်ယူသုံးစွဲခြင်းကို ကွပ်ကဲကြီးကြပ်နိုင်ရန်လိုအပ်သည့် ဥပဒေပြဋ္ဌာန်းမည်၊

(ဂ) နိုင်ငံတော်သည် နိုင်ငံသားများအား ပစ္စည်းပိုင်ဆိုင်ခွင့်၊ အမွေဆက်ခံခွင့်၊ ကိုယ်ပိုင်လုပ်ကိုင်ခွင့်၊ တီထွင်ခွင့်နှင့် မူပိုင်ခွင့်တို့ကို ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ခွင့်ပြုမည်။

၂၆။ ရွေးကောက်တင်မြှောက်ခြင်းနှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများ–

(က) နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရရှိမည်၊

(ခ) ရွေးကောက် တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်ကို သက်ဆိုင်ရာ မဲဆန္ဒရှင်များက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားချက်များနှင့်အညီ တာဝန်မှပြန်လည်ရုပ်သိမ်းခွင့်ရှိသည်။

၂၇။ နိုင်ငံရေးပါတီများနှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများ–
- နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေးအတွက် နိုင်ငံရေးပါတီများကို စနစ်တကျဖွဲ့စည်းနိုင်ရန် လိုအပ်သည့်ဥပဒေ ပြဋ္ဌာန်းဆောင်ရွက်မည်။

၂၈။ အရေးပေါ်ကာလနှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများ–

(က) တိုင်းဒေသကြီးတစ်ခုတွင်ဖြစ်စေ၊ ပြည်နယ်တစ်နယ်တွင်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတစ်စုတွင်ဖြစ်စေ၊ အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်ခြင်းမရှိသည့် အရေးပေါ်အခြေအနေပေါ်ပေါက်လျှင် နိုင်ငံတော်သမ္မတသည် ထိုတိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု၏ အုပ်ချုပ်ရေးဆိုင်ရာ အခွင့်အာဏာကို သုံးစွဲဆောင်ရွက်ခွင့်ရှိသည်။ ထိုသို့ဆောင်ရွက်ရာ၌ လိုအပ်လျှင် ထိုတိုင်းဒေသကြီး၊ ပြည်နယ်သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုနှင့်သက်ဆိုင်သည့် ဥပဒေပြုအခွင့်အာဏာများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်သမ္မတက သုံးစွဲဆောင်ရွက်ခွင့်ရှိသည်၊

(ခ) တိုင်းဒေသကြီးတစ်ခုတွင်ဖြစ်စေ၊ ပြည်နယ်တစ်နယ်တွင်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတစ်စုတွင်ဖြစ်စေ၊ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ထိပါးအန္တရာယ်ပြုမည့် အရေးပေါ်အခြေအနေပေါ်ပေါက်လျှင် သို့မဟုတ် ပေါ်ပေါက်ရန် လုံလောက်သော အကြောင်းရှိလျှင် ထိုအန္တရာယ်ကို တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားချက်များနှင့်အညီ တားဆီးကာကွယ်စောင့်ရှောက်ခွင့်ရှိသည်၊

(ဂ) နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဆူပူသောင်းကျန်းမှု၊ အကြမ်းဖက်မှုစသော အဓမ္မနည်းဖြင့် ရယူရန်ဆောင်ရွက်ခြင်း၊ သို့မဟုတ် ကြိုးပမ်းအားထုတ်ခြင်းကြောင့် ပြည်ထောင်စုပြိုကွဲစေမည့်၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုပြိုကွဲစေမည့်၊ သို့မဟုတ် အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးစေမည့် အရေးပေါ်အခြေအနေ ပေါ်ပေါက်လျှင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော် အာဏာကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ရယူသုံးစွဲခွင့်ရှိသည်။

၂၉။ နိုင်ငံခြားရေးနှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများ–

(က) နိုင်ငံတော်သည် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးဝါဒကို ကျင့်သုံးသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသည်၊ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းသည်၊

(ခ) နိုင်ငံတော်သည် မည်သည့်နိုင်ငံကိုမျှ စတင်ကျူးကျော်တိုက်ခိုက်ခြင်းမပြု၊

(ဂ) နိုင်ငံတော်အတွင်း မည်သည့် နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်ချခွင့်မပြု။

၃၀။ ပြစ်မှုပြစ်ဒဏ်နှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများ–

(က) မည်သည့်ပြစ်မှုဆိုင်ရာဥပဒေမျှ နောက်ကြောင်းပြန် အာဏာသက်ရောက်စေရန် ပြဋ္ဌာန်းခွင့်မရှိ၊

(ခ) လူ့သိက္ခာ ညှိုးနွမ်းသေးသိမ်စေသည့်ပြစ်ဒဏ် ပြဋ္ဌာန်းခွင့်မရှိ။

၃၁။ သဘာဝပတ်ဝန်းကျင်နှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများ–
- နိုင်ငံတော်သည် သဘာဝ ပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်မည်။

၃၂။ အထွေထွေပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများ–
- နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်များနှင့် ပြည်နယ်လွှတ်တော်များက ပြဋ္ဌာန်းသည့် ဥပဒေများသည်လည်းကောင်း၊ ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ၏ အုပ်ချုပ်မှုဆိုင်ရာ အာဏာပိုင်များ၏ ဆောင်ရွက်ချက်များသည်လည်းကောင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီးအကြား၊ ပြည်ထောင်စုနှင့် ပြည်နယ်အကြား၊ တိုင်းဒေသကြီးအချင်းချင်း၊ ပြည်နယ်အချင်းချင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအကြား၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအချင်းချင်း ဖြစ်ပေါ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ကြားနာဆုံးဖြတ်ခြင်းနှင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေက အပ်နှင်းသည့် အခြားတာဝန်များ ဆောင်ရွက်ခြင်းတို့ ပြုနိုင်ရန် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးတစ်ရုံးကို ဖွဲ့စည်းမည်။ ။

စာမျက်နှာ ၅ မှ

နယ်နိမိတ် ပြင်ဆင်သတ်မှတ်ရေးအတွက် ပြည်ထောင်စုလွှတ်တော်၏ သဘောထားကို ရယူပေးပါရန် ပထမဦးစွာ အကြောင်းကြားရမည်၊

(ခ) နိုင်ငံတော်နယ်နိမိတ် ပြင်ဆင်သတ်မှတ်ရေးအတွက် နိုင်ငံတော်သမ္မတ၏ အကြောင်းကြားစာရရှိသည့်အခါ ပြည်ထောင်စုလွှတ်တော် အကြီးအကဲသည် အောက်ပါအတိုင်း လွှတ်တော်ကိုယ်စားလှယ်များ၏ဆန္ဒကို ရယူရမည် –

(၁) တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှကိုယ်စားလှယ် ဦးရေတူညီစွာ ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်တွင် ပါရှိသော လွှတ်တော်ကိုယ်စားလှယ်များ၏ ထက်ဝက်ကျော် ထောက်ခံဆန္ဒမဲ၊

(၂) မြို့နယ်ကို အခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍ လည်းကောင်း ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်တွင်ပါရှိသော ကိုယ်စားလှယ်များ၏ ထက်ဝက်ကျော် ထောက်ခံဆန္ဒမဲ၊

(၃) ထိုလွှတ်တော်နှစ်ရပ်ရှိ သက်ဆိုင်ရာနယ်နိမိတ်နှင့် အကျုံးဝင်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၏ ထက်ဝက်ကျော် ထောက်ခံဆန္ဒမဲ။

(ဂ) အထက်ပါအတိုင်း ထောက်ခံဆန္ဒမဲ အသီးသီးရရှိလျှင် နိုင်ငံတော်နယ်နိမိတ်ကို လိုအပ်သလို ပြင်ဆင်သတ်မှတ်ပေးရန် ပြည်ထောင်စုလွှတ်တော် အကြီးအကဲက နိုင်ငံတော်သမ္မတထံ အကြောင်းကြားရမည်၊

(ဃ) အထက်ပါ သတ်မှတ်ထားသောနည်းလမ်းများနှင့်အညီ လွှတ်တော်တစ်ရပ်ရပ်က ဖြစ်စေ၊ ထိုလွှတ်တော် နှစ်ရပ်ရှိ သက်ဆိုင်ရာနယ်နိမိတ်နှင့် အကျုံးဝင်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှ လွှတ်တော်ကိုယ်စားလှယ်များက ဖြစ်စေ နယ်နိမိတ်ပြင်ဆင်ရေးနှင့် စပ်လျဉ်းပြီး သဘောမတူကြောင်း ဆုံးဖြတ်လျှင် ပြည်ထောင်စုလွှတ်တော်၏ သဘောထားကို ရယူဆောင်ရွက်ရမည်။ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်စုစုပေါင်း၏ လေးပုံသုံးပုံနှင့် အထက်က ထောက်ခံလျှင် နိုင်ငံတော် နယ်နိမိတ်ကို လိုအပ်သလို ပြင်ဆင်သတ်မှတ်ပေးရန် ပြည်ထောင်စုလွှတ်တော် အကြီးအကဲက နိုင်ငံတော်သမ္မတထံ အကြောင်းကြားရမည်၊

(င) ပြည်ထောင်စုလွှတ်တော်၏သဘောထားကို ရရှိသည့်အခါ နိုင်ငံတော်နယ်နိမိတ် ပြင်ဆင်သတ်မှတ်ရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက လိုအပ်သလို ဆောင်ရွက်ရမည်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်နယ်၏ နယ်နိမိတ်ပြင်ဆင်ခြင်း။

၉။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်နယ်၏ နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ရန် အကြောင်းပေါ်ပေါက်လာပါက ယင်းနယ်နိမိတ်နှင့် အကျုံးဝင်သည့် မြို့နယ်အတွင်းနေထိုင်ကြသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ ဆန္ဒသဘောထားကို ဦးစွာပထမ ရယူရမည်၊

(ခ) ယင်းသို့ ရယူသည့်အခါ ယင်းမြို့နယ်အတွင်း နေထိုင်ကြသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ စုစုပေါင်း၏ ထက်ဝက်ကျော် ထောက်ခံဆန္ဒမဲမရလျှင် ယင်းနယ်နိမိတ် ပြင်ဆင်သတ်မှတ်ခြင်းကို ဆောင်ရွက်ခြင်း လုံးဝမပြုရ၊

(ဂ) ယင်းမြို့နယ်အတွင်း နေထိုင်ကြသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ စုစုပေါင်း၏ ထက်ဝက်ကျော်က နယ်နိမိတ်ပြင်ဆင်သင့်ကြောင်း ထောက်ခံဆန္ဒမဲပေးလျှင် ယင်းနယ်နိမိတ်နှင့် အကျုံးဝင်သည့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၏ ဆန္ဒရယူရမည်၊

(ဃ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း၏ လေးပုံသုံးပုံနှင့်အထက် ထောက်ခံဆန္ဒမဲ ရရှိလျှင် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ကို ရယူပြီး နိုင်ငံတော်သမ္မတက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်နယ်၏ နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ပေးရမည်၊

(င) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် တစ်ရပ်ရပ်က နယ်နိမိတ်ပြင်ဆင်ရန် သဘောမတူကြောင်း ဆုံးဖြတ်လျှင် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ကို ရယူရမည်၊

(စ) ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ လေးပုံသုံးပုံနှင့်အထက်က နယ်နိမိတ်ပြင်ဆင်သင့်ကြောင်း ထောက်ခံဆန္ဒမဲပေးလျှင် နိုင်ငံတော်သမ္မတက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ နယ်နိမိတ်ကို လိုအပ်သလို ပြင်ဆင်သတ်မှတ်ပေးရမည်။

ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင် နယ်နိမိတ် ပြင်ဆင်ခြင်း။

၁၀။ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်း၌ရှိသော ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင် နယ်နိမိတ်များ ပြင်ဆင်ရန်၊ ဖွဲ့စည်းရန် သို့မဟုတ် အမည် ပြောင်းလဲရန်ပေါ်ပေါက်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အုပ်ချုပ်ရေးအာဏာပိုင်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြပြီး နိုင်ငံတော်သမ္မတက လိုအပ်သလို ဆောင်ရွက်ပေးရမည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအမည် ပြောင်းလဲခြင်း။

၁၁။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတစ်ခုခု၏ အမည်ကိုဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုခု၏အမည်ကိုဖြစ်စေ ပြောင်းလဲသတ်မှတ်လိုလျှင် တိုင်းဒေသကြီး တစ်ခုခု၏ အမည်ကိုဖြစ်စေ၊ ပြည်နယ်တစ်နယ်နယ်၏ အမည်ကိုဖြစ်စေ ပြောင်းလဲသတ်မှတ်သည့် နည်းလမ်းအတိုင်း ပြောင်းလဲ သတ်မှတ်ရမည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသသတ်မှတ်ခြင်း။

၁၂။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများကို အောက်ပါအတိုင်း သတ်မှတ်သည်–

(က) စစ်ကိုင်းတိုင်းရှိ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်နှင့် နန်းယွန်းမြို့နယ်တို့ကို စုစည်းပြီး နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊

(ခ) ရှမ်းပြည်နယ်ရှိ ရွာငံမြို့နယ်နှင့် ပင်းတယမြို့နယ်တို့ကို စုစည်းပြီး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊

(ဂ) ရှမ်းပြည်နယ်ရှိ ဟိုပုန်းမြို့နယ်၊ ဆီဆိုင်မြို့နယ်နှင့် ပင်လောင်းမြို့နယ်တို့ကို စုစည်းပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊

(ဃ) ရှမ်းပြည်နယ်ရှိ နမ့်ဆန်မြို့နယ်နှင့် မန်တုံမြို့နယ်တို့ကို စုစည်းပြီး ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊

(င) ရှမ်းပြည်နယ်ရှိ ကုန်းကြမ်းမြို့နယ်နှင့် လောက်ကိုင်မြို့နယ်တို့ကို စုစည်းပြီး ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊

(စ) ရှမ်းပြည်နယ်ရှိ ဟိုပန်မြို့နယ်၊ မိုင်းမောမြို့နယ်၊ ပန်ဝိုင်မြို့နယ်၊ နားဖန်းမြို့နယ်၊ မက်မန်းမြို့နယ်နှင့် ပန်ဆန်း(ပန်းခမ်း)မြို့နယ် ခြောက်မြို့နယ်တို့ကို ခရိုင် နှစ်ခရိုင်ဖွဲ့ပြီး "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း။ ။

နှစ်ရပ်၏အကြီးအကဲများနှင့် ဒုတိယအကြီးအကဲများ ပါဝင်သည့် အဖွဲ့က စိစစ်ရမည်၊

(င) ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးပါဝင်သော သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က နိုင်ငံတော်သမ္မတလောင်းများဖြစ်သည့် ဒုတိယသမ္မတ (၃)ဦးအနက် မိမိတို့ ကြိုက်နှစ်သက်သည့် ဒုတိယသမ္မတ တစ်ဦးကို နိုင်ငံတော်သမ္မတအဖြစ် ဆန္ဒမဲပေးရွေးချယ်တင်မြှောက်ရမည်၊

(စ) ထိုသို့ နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်နိုင်ရန် လိုအပ်သည့်ဥပဒေကို ပြဋ္ဌာန်းပေးရမည်။

နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများ၏ ရာထူးသက်တမ်း။

၆။ (က) နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတတို့၏ ရာထူးသက်တမ်းသည် (၅)နှစ်ဖြစ်သည်၊

(ခ) ယင်းရာထူးသက်တမ်းကုန်ဆုံးသည့်အခါ နိုင်ငံတော်သမ္မတအသစ် ရွေးချယ်တင်မြှောက်ပြီးသည့် အချိန်အထိ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် မိမိတို့၏လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်၊

(ဂ) နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် ရာထူးသက်တမ်း နှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခြင်း မပြုရ၊

(ဃ) နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတအဖြစ် ကြားဖြတ်တာဝန်ယူရသည့်ကာလကို ရာထူးသက်တမ်းတစ်ခုဟု မသတ်မှတ်ရ၊

(င) အကြောင်းတစ်ရပ်ရပ်ကြောင့် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတ ရာထူးနေရာ လစ်လပ်သည့်အတွက် အစားထိုးရွေးချယ်တင်မြှောက်ပါက ယင်းနိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတအသစ်၏ ရာထူးသက်တမ်းသည် မူလရာထူးသက်တမ်း ကုန်ဆုံးသည်အထိသာဖြစ်ရမည်။

၇။ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် မည်သည့်လွှတ်တော်ကိုယ်စားလှယ်မှ မဖြစ်စေရ။

၈။ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် လွှတ်တော်ကိုယ်စားလှယ်ဖြစ်လျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် နိုင်ငံ့ဝန်ထမ်းအဖြစ်မှလည်းကောင်း နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည့်နေ့မှစ၍ နုတ်ထွက်ပြီး သို့မဟုတ် အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၉။ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည့်နေ့မှစ၍ မိမိတို့ရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရ။

နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ကတိသစ္စာပြုခြင်း။

၁၀။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ကတိသစ္စာပြုရာတွင်–

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေရန်၊
- ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင်ဆောင်ရွက်ရန်၊
- နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ထိန်းသိမ်းစောင့်သိ လိုက်နာရိုသေပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာကျင့်သုံးရန်၊
- မိမိ၏တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာနှင့် အစွမ်းကုန်ဆောင်ရွက်ရန်၊
- ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးအတွက် ဆောင်ရွက်ရန်၊
- ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အကျိုးငှာ နိုင်ငံတော်အား မိမိ၏ အသက်နှင့် ကိုယ်ကိုအပ်နှင်းသည်ဟု လေးနက်တည်ကြည်စွာ ကြေညာ၍ ကတိသစ္စာပြုရန် စသည့်သဘောများပါရှိသော ကတိသစ္စာပြုချက်များ ပါဝင်စေရမည်။

၁၁။ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများက အပ်နှင်းထားသော တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးထမ်းဆောင်ရမည်။

၁၂။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် လစာ၊ စရိတ်၊ ကြေးငွေရသော အခြားမည်သည့် ရာထူးကိုမျှ လက်ခံခြင်းမပြုရ။

၁၃။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် မိမိတို့ဦးစီးသည့် တစ်စီးပွားတည်းဖြစ်သော မိသားစုပိုင်မြေ၊ အိမ်၊ အဆောက်အအုံ၊ စီးပွားရေးလုပ်ငန်း၊ စုငွေနှင့် အခြားအဖိုးတန်ပစ္စည်းများကို တန်ဖိုးနှင့်တကွ စာရင်းပြုစုပြီး ပြည်ထောင်စုလွှတ်တော်အကြီးအကဲထံ ပေးပို့ရမည်။

၁၄။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် ဥပဒေဖြင့် သတ်မှတ်ထားသည့် လစာ၊ စရိတ်နှင့် အဆောင်အယောင်များ ရရှိစေရမည်၊ သင့်တင့်လျောက်ပတ်သည့် အိမ်တော်တစ်ဆောင်စီကိုလည်း ရရှိစေရမည်။

၁၅။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတသည် စွပ်စွဲပြစ်တင်ခံရ၍ ရာထူးမှ ရပ်စဲခံရခြင်းမှအပ တာဝန်ပြီးဆုံးသဖြင့် အနားယူပါက အငြိမ်းစားလစာနှင့် သင့်တင့်လျောက်ပတ်သော ထောက်ပံ့မှုများရရှိစေရမည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အရေးအရာများဖြစ်သော နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ စစ်ရေး စသည့် အမြင်များရှိရမည်

အခန်း(၃)
နိုင်ငံတော်အကြီးအကဲ

၁။ နိုင်ငံတော်အကြီးအကဲသည် နိုင်ငံတော်သမ္မတဖြစ်သည်။

၂။ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်ကို ကိုယ်စားပြုသည်။

၃။ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် နိုင်ငံသားအားလုံး၏ အထွတ်အထိပ်နေရာ ရရှိသည်။

နိုင်ငံတော်သမ္မတနှင့်ဒုတိယသမ္မတများ၏ အရည်အချင်းများ။

၄။ (က) နိုင်ငံတော်သမ္မတသည် နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ် သစ္စာရှိသူဖြစ်ရမည်၊

(ခ) နိုင်ငံတော်သမ္မတသည် မိမိနှင့်မိမိ၏မိဘနှစ်ပါးလုံး နိုင်ငံတော်၏ အာဏာပိုင်နက်အတွင်း၌ မွေးဖွားသော တိုင်းရင်းသားမှဖြစ်သည့် မြန်မာနိုင်ငံသားဖြစ်ရမည်၊

(ဂ) နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသူသည် အနည်းဆုံးအသက် ၄၅နှစ်ပြည့်ပြီးသူ ဖြစ်ရမည်၊

(ဃ) နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အရေးအရာများဖြစ်သော နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ စစ်ရေးစသည့် အမြင်များရှိရမည်၊

(င) နိုင်ငံတော်သမ္မတသည် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသည့် အချိန်နှင့်တစ်ဆက်တည်း အနည်းဆုံး အနှစ် ၂၀ နိုင်ငံတော်တွင် အခြေချနေထိုင်ခဲ့သူဖြစ်ရမည်၊

(စ) နိုင်ငံတော်သမ္မတသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိ၏ မိဘတစ်ပါးပါးသော်လည်းကောင်း၊ မိမိ၏ဇနီး သို့မဟုတ် ခင်ပွန်းသော်လည်းကောင်း၊ မိမိ၏ တရားဝင် သားသမီး တစ်ဦးဦးသော်လည်းကောင်း၊ ထိုတရားဝင် သားသမီးတစ်ဦးဦး၏ ဇနီး သို့မဟုတ် ခင်ပွန်းသော်လည်းကောင်း၊ နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာတော်ကို ခံယူစောင့်ရှောက်ရှိသေသူ သို့မဟုတ် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ သို့မဟုတ် တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူများ မဖြစ်စေရ၊ ထိုသူများသည် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူသော်လည်းကောင်း၊ တိုင်းတစ်ပါး၏ နိုင်ငံသားသော်လည်းကောင်း ခံစားရသော အခွင့်အရေးများနှင့် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူများ မဖြစ်စေရ၊

(ဆ) နိုင်ငံတော်သမ္မတသည် လွှတ်တော်ရွေးကောက်ပွဲ၌ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်အတွက် သတ်မှတ်ထားသည့် အရည်အချင်းများအပြင် နိုင်ငံတော်သမ္မတအတွက် သီးခြားသတ်မှတ်ထားသော အရည်အချင်းများနှင့်လည်း ပြည့်စုံရမည်၊

(ဇ) ဒုတိယသမ္မတများသည် နိုင်ငံတော်သမ္မတအတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံရမည်။

နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်း။

၅။ (က) နိုင်ငံတော်သမ္မတကို သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ဖြင့် ရွေးချယ်တင်မြှောက်ရမည်၊

(ခ) သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ကို ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အစုအဖွဲ့(၃)ဖွဲ့ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

(၁) တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ ကိုယ်စားလှယ်ဦးရေတူညီစွာ ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ရှိ ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့၊

(၂) မြို့နယ်ကို အခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ရှိ ရွေးကောက်တင်မြှောက်ခြင်းခံရသည့် လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့၊

(၃) ဖော်ပြပါ လွှတ်တော်နှစ်ရပ်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းသည့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့။

(ဂ) ယင်းအစုအဖွဲ့တစ်ဖွဲ့စီက ဒုတိယသမ္မတတစ်ဦးစီကို လွှတ်တော်ကိုယ်စားလှယ်များထဲမှဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများထဲမှဖြစ်စေ ရွေးချယ်တင်မြှောက်ရမည်၊

(ဃ) ဒုတိယသမ္မတများသည် နိုင်ငံတော်သမ္မတအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံခြင်း ရှိ၊ မရှိကို ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်တွင် ပါဝင်သော လွှတ်တော်

28-8 (06) 1 8/28/07, 2:40 AM

မေတ္တာရနံ့ မွှေးပျံ့ပါစေ

* ဗုဒ္ဓရှင်စော----
ဟောဖော်ညွှန်ပြ၊ မေတ္တသုတ်တော်
အာနုဘော်ကား၊ ငွေသော်တာလ
လင်းရောင်ငှသလို၊ ဝင်းပဝေဖြာ
နေရာပျံ့နှံ့၊ ခရီးဆန့်၍
ချမ်းမြေ့အေးမြ၊ ငြိမ်းချမ်းလှ၏
ဖြဟ္မာ့ဝိဟာရ၊ ထိုလေးဝတွင်
ပါဝင်တစ်ပါး၊ ဆယ့်တစ်ပါးအကျိုး
တန်ဖိုးကြီးမြတ်၊ ဥပဒ်ဘေးကင်း
သောကရှင်းပ၊ ကြည်လင်လှသည်
ဗုဒ္ဓပေးသည့်၊ မေတ္တာရေ။
* ကြိုင်လှိုင်ထုံလျှမ်း-----
မေတ္တာပန်းမှာ၊ လေညာလေအောက်
ကြိုင်လှျောက်ထုံကာ၊ နေရာမရွေး
ပျံ့မွှေးထုံသင်း၊ ပန်းများမင်းမို့
ငါတို့ကမ္ဘာ၊ မေတ္တာနှင့်ယှဉ်
မကောင်းမြင်စိတ်၊ ဣဿာ မစ္ဆရိယ
ကင်းပကြစေ၊ တောင်းဆုချွေသည်
ရေကြည်မေတ္တာ ဖျန်းသတည်း-----။ ။

ဦးအောင်မွန် (မဟာဝိဇ္ဇာ)

မဒေါက်မြို့ စိုးရိမ်ရေမှတ်အောက် ကျဆင်းနိုင်

နေပြည်တော် ဩဂုတ် ၂၇

စစ်တောင်းမြစ်ရေသည်ယနေ့ နံနက် ၆နာရီခွဲ တိုင်းထွာချက်အရ မဒေါက်မြို့၌ ၁၀၇၅ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက်၌ ၅ စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၀၇၀ အောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်သည်။

(သတင်းစဉ်)

ရန်ကင်းပြည်သာယာ (တာမွေလေး သံလမ်းအနီး)ရှိ ရွှေပြည်ဟိန်းကုသိုလ်ဖြစ် ဆေးခန်းအတွက် ကျောက်တံတားမြို့နယ် ဆိပ်ကမ်းသာလမ်း အမှတ် ၁၉၁နေ ဦးစိုးမိုးနိုင်-ဒေါ်နီနီဦး သမီး ထက်ထက်အောင်၊ သား သက်ပိုင်စိုး၊ အောင်မိုးနိုင် မိသားစုတို့က မိဘနှစ်ပါးအားရည်စူး၍ ဒုတိယအကြိမ် တစ်သိန်းတစ်သောင်းလှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်တော်မူစဉ်။ (၁၁၅)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် ကရင်ပြည်နယ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းလိုက်ပါလျက် ဩဂုတ်၁၂ရက် နံနက်ပိုင်းတွင် ဝင်းကျန်ကျေးရွာ၌ ပြုလုပ်သော ကရင်ပြည်နယ် ခြံစည်းရိုးကြက်ဆူစပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်၍ ကရင်ပြည်နယ် ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဝင်းကျန်၊ ရွှေတော၊ နောင်တလုံးနှင့်ကော့တရုတ်ရကျေးရွာမှ ပြည်သူများအား ခြံစည်းရိုးကြက်ဆူပင်နှင့် မျိုးစေ့များပေးအပ်ပြီး ကြက်ဆူပင်၂၉၈ကေ စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် ပြည်နယ်ဥက္ကဋ္ဌတို့သည် ထုံးအိုင်စံပြကျေးရွာရှိ လယ်မြေ၂၇၅ ဧကတွင် မိုးစပါး စပေါင်းမြေဩဇာကြဲပက်ပွဲသို့ တက်ရောက်အားပေး၍ အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ပြည်နယ်ဥက္ကဋ္ဌ လိုက်ပါလျက် ထုံးအိုင် စံပြကျေးရွာ တိုက်နယ်ပြည်သူ့ဆေးရုံ(၁၆ခုတင်)ဆံ့ ဆေးရုံ၌ ဘားအံ ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးဒေါက်တာဦးလှထွန်း ဦးဆောင်သော အထူးကုဆရာဝန်ကြီးများ၏ အခမဲ့ ဆေးဝါးကုသပေးနေမှုများကို လှည့်လည် ကြည့်ရှုအားပေးပြီး ဆေးရုံတက် လူနာများအား တစ်ဦးချင်း ထောက်ပံ့ငွေများ ပေးအပ်သည်။

အဆိုပြုလွှာပေးအပ်

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်ပြည်နယ်ဥက္ကဋ္ဌတို့သည် ထုံးအိုင်စံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော အသင်းဝင်အဆိုပြုလွှာ ပေးအပ်ပွဲနှင့် ကျောင်းသုံးစာရေးကိရိယာများ လှူဒါန်းပွဲသို့ တက်ရောက်အမှာစကား ပြောကြားကြပြီး ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းမြင့်တင်က လက်ခံသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ထုံးအိုင်စံပြကျေးရွာမှ စည်းရုံးရေးမှူး ဦးဝင်းမြင့်က အသင်းဝင် အဆိုပြုလွှာ ၁၀၂၉စောင် ပေးအပ်ရာ ပြည်နယ် တွဲဖက်အတွင်းရေးမှူး ဦးစောဟန်အေးက လက်ခံသည်။ ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်အဖွဲ့သည် ထုံးအိုင်ကျေးရွာ တိုက်ကျောင်းဆရာတော် ဘဒ္ဒန္တ ခေမာအား ဖူးမြော်ကြည်ညိုဂ၍ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အမှာစကားပြော

ယင်းနောက်ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ကရင် ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစည်းအဝေးခန်းမ၌ ကျင်းပသော ကရင်ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့မှ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ခဲ့ကြသော စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

မေးမြန်းလျှောက်ထား

ဆက်လက်၍ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် ပြည်နယ်ဥက္ကဋ္ဌတို့သည် ဘားအံမြို့ မဲဘောင်ကျောင်းတိုက်သို့ သွားရောက်၍ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဣန္ဒြိယအား ဖူးမြော် ကြည်ညို၍ ကျန်းမာရေး အခြေအနေများ မေးမြန်းလျှောက်ထားပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တ သုဇနအား ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဖူးမြော်ကြည်ညို

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ပြည်နယ်ဥက္ကဋ္ဌနှင့်အတူ ညနေပိုင်းတွင် တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓသာသနာပြု ဗဟိုဌာနကျောင်းသို့ သွားရောက်၍ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တနရိန္ဒအားဖူးမြော်ကြည်ညိုကာ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး လှူဖွယ်ပစ္စည်းများနှင့် ကျောင်းသုံးစာအုပ်များ၊ အဝတ်အထည်များ လှူဒါန်းသည်။

ပေါင်းစပ်ညှိနှိုင်း

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် ညပိုင်းတွင် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကရင်ပြည်နယ် ခုနစ်မြို့နယ်မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပြည်နယ်၊ခရိုင်၊မြို့နယ်အလုပ်အမှုဆောင်များနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားပြီး တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာမျက်နှာ ၆ မှ

နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတကို စွပ်စွဲပြစ်တင်နိုင်ခြင်း။

၁၆။ (က) နိုင်ငံတော်သမ္မတကိုဖြစ်စေ၊ ဒုတိယသမ္မတ တစ်ဦးဦးကို ဖြစ်စေ အောက်ပါအကြောင်းတစ်ရပ်ရပ်ဖြင့် စွပ်စွဲပြစ်တင်နိုင်သည်-
(၁) နိုင်ငံတော်၏ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊
(၂) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်း၊
(၃) အကျင့်သိက္ခာပျက်ပြားခြင်း၊
(၄) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသော နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတ၏ အရည်အချင်းပျက်ယွင်းခြင်း၊
(၅) ဥပဒေအရပေးအပ်သော တာဝန်များကို ကျေပွန်စွာ မဆောင်ရွက်ခြင်း။

(ခ) နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတ တစ်ဦးဦးကို စွပ်စွဲပြစ်တင်လိုပါက ပြည်ထောင်စုလွှတ်တော်တွင်ပါဝင်သော လွှတ်တော်နှစ်ရပ်မှ လွှတ်တော်တစ်ရပ်ရပ်၏ လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ဦးရေအနက် အနည်းဆုံး လေးပုံတစ်ပုံက လက်မှတ်ရေးထိုးပြီး မိမိတို့၏စွပ်စွဲချက်ကို သက်ဆိုင်ရာ လွှတ်တော်အကြီးအကဲထံ တင်ပြရမည်၊

(ဂ) ယင်းစွပ်စွဲချက်ကို သက်ဆိုင်ရာလွှတ်တော်၏ လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံး သုံးပုံနှစ်ပုံက ထောက်ခံမှသာ ဆက်လက် အရေးယူဆောင်ရွက်ရမည်၊

(ဃ) လွှတ်တော်တစ်ရပ်ရပ်က စွပ်စွဲချက်ကို အရေးယူဆောင်ရွက်ရန် ထောက်ခံလျှင် အခြားလွှတ်တော်တစ်ရပ်က ယင်းစွပ်စွဲချက်ကို စုံစမ်းစစ်ဆေးရမည် သို့မဟုတ် အဖွဲ့ဖွဲ့၍ စုံစမ်းစစ်ဆေးစေရမည်၊

(င) စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးသည့်အခါ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း ချေပခွင့်ပေးရမည်၊

(စ) စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးပြီးသည့်အခါ စွပ်စွဲချက်ကို စစ်ဆေးသော သို့မဟုတ် စုံစမ်းစစ်ဆေးစေသော လွှတ်တော်၏ လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ဦးရေအနက် အနည်းဆုံး သုံးပုံနှစ်ပုံက ထိုစွပ်စွဲချက်သည် မှန်ကန်ပြီး စွပ်စွဲခံရသော ပြစ်မှုသည် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတအား ရာထူးတွင် ဆက်လက်ထမ်းရွက်စေရန်မသင့်ကြောင်း ဆုံးဖြတ်လျှင် စွပ်စွဲခံရသော နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတအား ရာထူးမှရပ်စဲရန် ယင်းလွှတ်တော်က ပြည်ထောင်စုလွှတ်တော်အကြီးအကဲထံ တင်ပြရမည်၊

(ဆ) ပြည်ထောင်စုလွှတ်တော်အကြီးအကဲသည် တင်ပြချက်ရရှိလျှင် ရရှိချင်း စွပ်စွဲခံရသော နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတအား ရာထူးမှရပ်စဲကြောင်း ကြေညာရမည်။

၁၇။ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတ တစ်ဦးဦးသည် မိမိ၏ ရာထူးသက်တမ်းမကုန်ဆုံးမီ ဆန္ဒအလျောက် နုတ်ထွက်လိုလျှင် နုတ်ထွက်ခွင့်ပြုရမည်။

လစ်လပ်သည့် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတ ရာထူးနေရာ ဖြည့်စွက်ခြင်း။

၁၈။ (က) နိုင်ငံတော်သမ္မတသည် ရာထူးသက်တမ်းမကုန်ဆုံးမီ နုတ်ထွက်သောကြောင့်ဖြစ်စေ၊ ကွယ်လွန်သောကြောင့်ဖြစ်စေ၊ ထာဝစဉ်မစွမ်းဆောင်နိုင်သောကြောင့်ဖြစ်စေ၊ တစ်စုံတစ်ခုသောအကြောင်းကြောင့် ဖြစ်စေ နိုင်ငံတော်သမ္မတရာထူးနေရာ လစ်လပ်လျှင် ဒုတိယသမ္မတ နှစ်ဦးအနက် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်စဉ်အခါက ဒုတိယဆန္ဒမဲ အများဆုံးရရှိသည့် ဒုတိယသမ္မတက ယာယီသမ္မတအဖြစ် ထမ်းဆောင်ရမည်၊

(ခ) နိုင်ငံတော်သမ္မတ ရာထူးနေရာ လစ်လပ်သွားသည့် အချိန်သည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပနေချိန်ဖြစ်လျှင် လစ်လပ်သွားသည့် နိုင်ငံတော်သမ္မတရာထူးကို ခုနစ်ရက်အတွင်း ဖြည့်စွက်နိုင်ရေးအတွက် ယာယီသမ္မတက ပြည်ထောင်စုလွှတ်တော်အကြီးအကဲထံ ဆောလျင်စွာ အကြောင်းကြားရမည်၊

(ဂ) ယာယီသမ္မတထံမှ အကြောင်းကြားစာကို ရရှိသည့်အခါ လစ်လပ်သွားသည့် နိုင်ငံတော်သမ္မတကို ဒုတိယသမ္မတအဖြစ် ဦးစွာရွေးချယ်တင်မြှောက်ပေးခဲ့သည့် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ဒုတိယသမ္မတ တစ်ဦးကို ရွေးချယ်တင်မြှောက်ပေးရေးအတွက် ပြည်ထောင်စုလွှတ်တော်အကြီးအကဲက ဆောင်ရွက်ပေးရမည်၊

(ဃ) သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့သည် ဒုတိယသမ္မတ တစ်ဦးကို ရွေးချယ်တင်မြှောက်ပြီးပါက ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် အားလုံးပါဝင်သည့် သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့က ဒုတိယသမ္မတ သုံးဦးအနက် မိမိတို့ကြိုက်နှစ်သက်သည့် ပုဂ္ဂိုလ်ကို နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ရမည်၊

(င) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပချိန် မဟုတ်လျှင် ပြည်ထောင်စုလွှတ်တော် အကြီးအကဲသည် ယာယီသမ္မတထံမှ အကြောင်းကြားစာရရှိသည့်နေ့မှစ၍ (၂၁)ရက်အတွင်း ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို ခေါ်ယူပြီး လစ်လပ်သော နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်နိုင်ရေးအတွက် အထက်ပါနည်းလမ်းအတိုင်း ဆောင်ရွက်ရမည်၊

(စ) ဒုတိယသမ္မတ တစ်ဦးဦးသည် ရာထူးသက်တမ်းမကုန်ဆုံးမီ နုတ်ထွက်သောကြောင့်ဖြစ်စေ၊ ကွယ်လွန်သောကြောင့်ဖြစ်စေ၊ ထာဝစဉ်မစွမ်းဆောင်နိုင်သောကြောင့်ဖြစ်စေ၊ တစ်စုံတစ်ခုသော အကြောင်းကြောင့်ဖြစ်စေ ဒုတိယသမ္မတ ရာထူးနေရာ လစ်လပ်လျှင် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပချိန်ဖြစ်ပါက ယင်းဒုတိယသမ္မတကို ရွေးချယ်တင်မြှောက်ပေးခဲ့သော လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ခုနစ်ရက်အတွင်း ဒုတိယသမ္မတ တစ်ဦး ရွေးချယ်တင်မြှောက်ပေးရေးအတွက် နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်အကြီးအကဲထံ ဆောလျင်စွာ အကြောင်းကြားရမည်၊

(ဆ) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပချိန် မဟုတ်လျှင် ပြည်ထောင်စုလွှတ်တော် အကြီးအကဲသည် နိုင်ငံတော်သမ္မတ၏ အကြောင်းကြားစာရရှိသည့်နေ့မှစ၍ (၂၁)ရက်အတွင်း ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို ခေါ်ယူပြီး သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ဒုတိယသမ္မတ တစ်ဦးကို ရွေးချယ်တင်မြှောက်ပေးရေးအတွက် သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း ဆောင်ရွက်ရမည်။ ။

အမျိုးသားညီလာခံက ချမှတ်သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများ ဆက်လက်ဖော်ပြသွားပါမည်

ရန်ကုန် ဩဂုတ် ၂၇

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရန် အမျိုးသားညီလာခံက ချမှတ်သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျ သဘာပတိအဖွဲ့က အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ ဖတ်ကြားတင်ပြရာ အမျိုးသားညီလာခံစုံညီအစည်းအဝေး အလှည့်ကျသဘာပတိ အဖွဲ့ဝင်များဖြစ်ကြသည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်ကြီးနှင့်တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်လှ (ခေါ်)ဦးလှမြင့်တို့၏ ဖတ်ကြားတင်ပြသည့် "ဥပဒေပြုရေးအခန်း" ကို ဆက်လက်ဖော်ပြသွားပါမည်။

(သတင်းစဉ်)

မျိုးချစ်စိတ်ဓာတ် အစစ်အမှန်၏ တန်ခိုးအင်အား ပြည်ထောင်စုကြီးကို ကာကွယ်စောင့်ရှောက်ထား

ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကို ချစ်တတ်ကြဖို့ (ဝါ) မျိုးချစ်စိတ်ဓာတ်၊ ပြည်ချစ်စိတ်ဓာတ်၊ တိုင်းချစ်စိတ်ဓာတ်အကြောင်း ကဗျာသမားက ကဗျာဖြင့်ရေး၊ တေးဂီတသမားက တေးသီချင်းဖြင့်ရေး၊ ဝတ္ထု၊ ဆောင်းပါးသမားက ဝတ္ထု၊ ဆောင်းပါးဖြင့် ရေးကြသည်။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးကို ပန်းချီ၊ ပန်းပု၊ သရုပ်ဆောင်မှု၊ ဟောပြောမှုတို့ဖြင့် လှုံ့ဆော်ကြသည်။ မိမိနိုင်ငံက ပြည်ထောင်စုပုံစံဖြင့် ဖွဲ့စည်းထားတော့ ပြည်ထောင်စုစိတ်ဓာတ်ရှိကြရန် လှုံ့ဆော်ကြသည်။ တိုင်းချစ်စိတ်ဓာတ်၊ ပြည်ချစ်စိတ်ဓာတ်၊ နိုင်ငံချစ် စိတ်ဓာတ်ကို ပြည်ထောင်စုနိုင်ငံများအတွက် ပြည်ထောင်စုစိတ်ဓာတ်ဟု ခေါ်တွင်လာခြင်းဖြစ်သည်။

နိုင်ငံဟူသည် နိုင်ငံသားတို့ ပေါက်ဖွားနေထိုင်ရာ ဇာတိချက်ကြွေ အမိမြေပင်ဖြစ်သည်။ နိုင်ငံသားတို့ မှီတင်းနေထိုင်အားထားရမည့် စိုက်မြေ ပျိုးမြေများ၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတများထွက်ရှိရာ မြေလည်းဖြစ်သည်။ ထို့ကြောင့် နိုင်ငံမြေကို နိုင်ငံသားတို့ ချစ်မြတ်နိုးကြခြင်း ဖြစ်ပေသည်။ ပြည်ထောင်စုနိုင်ငံများအတွက်မူ တစ်မြေပေါ်အတူဖွားပြီး မရှိအတူ ရှိအတူ၊ အေးတူပူမျှ အတူတကွ ယှဉ်တွဲနေထိုင်ခဲ့ကြသည့် သွေးချင်းသားချင်း တိုင်းရင်းသားများဖြစ်ရာ မိမိတို့၏ စုပေါင်းအိမ်ဂေဟာကြီးသဖွယ်ဖြစ်သော ပြည်ထောင်စုကြီးကို ချစ်မြတ်နိုးကြမည်သာဖြစ်ပေသည်။

မျိုးချစ်စိတ်၊ ပြည်ချစ်စိတ်တို့မှ **“ချစ်”**ခြင်းဟူသည် ဖြူစင်သန့်ရှင်းသော မေတ္တာတရား၊ စေတနာပါသော နှလုံးသားမှ စီးထွက်လာသော မေတ္တာရေလျှဉ်ပင်ဖြစ်သည်။ ထိုချစ်ခြင်းတရားသည် သဘာဝတရားကပေးသော လူတို့၏အဆောင်အဖွဲ့ တစ်မျိုးပင် ဖြစ်သည်။ လူဟူသည် သဘာဝတရားအရ ကိုယ့်ကိုယ်ကို အလွန်ချစ်တတ်ကြပေသည်။ ဤသည်မှာ အပြစ်မဟုတ်။ ခွင့်လွှတ်ရမည့် အတ္တပင်ဖြစ်သည်။ လူတိုင်း အသက်ရှင်သန်လိုသည်၊ ဘဝ အခြေတင့်လိုသည်၊ ကောင်းစွာ စားသောက်လိုသည်၊ ဝတ်စားဆင်ယင်လိုသည်၊ နေထိုင်လိုသည်၊ သွားလာလှုပ်ရှားလိုသည်။

မိမိ စားလိုသည့် ချိုမြိန်သော အစားအစာများကို စားလို၊ သင့်တင့်လျောက်ပတ်သော အဝတ်အစားကို ဝတ်ဆင်လို၊ လုံခြုံစိတ်ချစွာနေနိုင်သည့် အိမ်ရာဖြင့် နေလိုသည်။ ကောင်းစွာ ဝတ်စား၊ နေထိုင်၊ စားသောက်နိုင်ခြင်းဖြင့် ကောင်းစွာ ဘဝရှင်သန်လိုသည်။ ဤသို့ လူတိုင်းလူတိုင်း ကိုယ့်ကိုယ်ကို ချစ်တတ်ကြသည်။

လူသည် တစ်ဦးတစ်ယောက်တည်း သီးခြားအထီးကျန်စွာမနေ။ မိဘ၊ ညီအစ်ကိုမောင်နှမ၊ ဇနီး၊ ခင်ပွန်း(အိမ်ထောင်ဖက်)၊ သားသမီးများနှင့် မိသားစုဖွဲ့၍ နေထိုင်ကြသည်။ မိသားစုဝင်များကိုလည်း မိမိကဲ့သို့ ကောင်းစွာစားသောက်၊ ဝတ်စား၊ နေထိုင်စေလိုသော စေတနာဆန္ဒရှိလာသည်။ ထိုသို့ မိသားစုအပေါ် မေတ္တာစေတနာထားခြင်းဖြင့် အတ္တမှ ပရသို့ ကူးယှက်လာသည်။ ထို့ကြောင့် အတ္တ

တက္ကသိုလ်မြတ်သူ

(ကိုယ့်ကိုယ်ကိုချစ်ခြင်း)နှင့် ပရ (မိမိအပြင် အခြားသူများကို ချစ်ခြင်း) တို့ ဒွန်တွဲလာခြင်းသည်ပင် လူ့စရိုက်သဘာဝဖြစ်ပါသည်။

မိမိကိုယ်တိုင် ဝင်ငွေကို ကြိုးစားရှာ၊ မိသားစုကို ကောင်းစွာကျွေး၊ ကောင်းစွာ ဆင်၊ ကောင်းစွာ ထားလာကြသည်။ နေထိုင်ရန် အိုးအိမ် တိုက်တာကိုလည်း တစ်နိုင်ထူထောင်ယူကြသည်။ မိသားစုတိုင်းသည် ကမ္ဘာအပြင်ထွက်၍ သီးခြားမနေကြ၊ ရပ်နှင့်ရွာနှင့် စုဝေးနေကြသည်။ ရပ်ထဲရွာထဲမှ မိမိအိမ်တစ်လုံးတည်း မီးမလောင်အောင်၊ အန္တရာယ်မဖြစ်အောင် ကာကွယ်ရုံဖြင့် မလုံလောက်၊ ရပ်ကွက်အခြားနေရာ၌ လောင်သောမီးသည် လေသင့်ပြီး ကိုယ့်အိမ်ကို လောင်နိုင်သည်။ ထို့ကြောင့် မီးဘေးကြိုတင်ကာကွယ်ရေး၊ ခိုးသား၊ ဓားပြဒဏ် လုံခြုံရေး၊ တောရပ်၊ တောရွာများ၌ သားရဲတိရစ္ဆာန်များ ဝင်မလာရေး၊ ကူးစက်ရောဂါများ ဖြစ်ပွား ကူးစက်ဒုက္ခမပေးနိုင်ရေးအတွက် ရပ်ရွာ၊ မြို့နယ်အလိုက် စုပေါင်း ကာကွယ်ကြရသည်။

မိမိကိုယ်မိမိ ချစ်လွန်းခြင်း၊ မိမိ၏မိသားစုကို ချစ်လွန်းခြင်းတို့ကြောင့် မိမိ၏မိသားစု၊ အိုးအိမ်တိုက်တာ လုံခြုံဘေးကင်းအောင် ပတ်ဝန်းကျင်နှင့် ပူးပေါင်းလာရသည်။ ရပ်ကျိုး၊ ရွာကျိုး၊ မြို့ကျိုးကို စုပေါင်းဆောင်ရွက်ကြခြင်းဖြင့် လူတို့၏ ပရနယ်ပယ် ကျယ်ပြန့်လာလေသည်။

မိမိတို့နေထိုင်ရာ ပိုင်နက်နယ်မြေများအားလုံး အကျုံးဝင်သည့် နိုင်ငံကို တိုင်းခြားသား၊ လူဆိုး၊ လူသွမ်းများ၊ နယ်ချဲ့သမားများ ကျူးကျော်လာပြီဆိုလျှင် မိမိတို့ဘဝ၊ မိသားစုအခြေ၊ မြို့ရွာအနေအထားနှင့်တကွ နိုင်ငံတစ်ခုလုံးဒုက္ခရောက်ရတော့မည်၊ အန္တရာယ်ကျရောက်တော့မည်။ ဒါဒို့ပြေ (ပြည်)၊ ဒါဒို့မြေ၊ ဒို့ပိုင်နက်မြေဟု ဟစ်ကြွေးနေသော ကိုယ့်နိုင်ငံမြေ ကိုယ်မပိုင်၊ ကိုယ့်နိုင်ငံအတွက် သယံဇာတနေဥစ္စာများ ကိုယ်မခံစားရတော့ဘဲ ကျူးကျော်သူ တိုင်းတစ်ပါးသား နယ်ချဲ့များတို့က ဖြူခါပြာခါကျအောင် ခြယ်လှယ်သွေးစုပ် အမြတ်ထုတ်သွားကြတော့မည်။ နိုင်ငံမြေပေါ်တွင် ကျူးကျော်ရေးသမားများ ပစ်ချကြဲချသော ဗုံးအမြောက်ဆန်၊ ဒုံးကျည်စသည်တို့ကြောင့် မိမိတို့ပိုင် အိုးအိမ်ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးရတော့မည်။

သူ့ကျွန်ဘဝရောက်အောင်ပြုသူက ကျူးကျော်ခံရပြီဆိုလျှင် သေဖို့သာပြင်၊ မွဲဖို့သာပြင်ရော့ဟု ဆိုရပေတော့မည်။ နှစ်ပေါင်းတစ်ရာကျော် မြန်မာတို့ နဖူးတွေ့ဒူးတွေ့ ကျွန်ဘဝ အနိဋ္ဌာရုံကို ခံခဲ့ကြရပြီ။ နိုင်ငံမြေ၏ တစ်ဝက်ခန့်၌ ဖုံးလွှမ်းနေသည့် အဖိုးတန်သစ်တောကြီးများ၊ မြေအောက်မှ ရွှေ၊ ငွေ၊ ကြေး၊ သွပ်၊ သံ၊ ကျောက်မျက်ရတနာစသည့် သယံဇာတများ၊ ရေချိုရေငန် ငါး၊ ပုစွန်စသည့် ရေသယံဇာတများ၊ မြေပိုင်နက်၊ ရေပိုင်နက်၌ ထွက်ရှိသော ရေနံ၊ သဘာဝဓာတ်ငွေ့စသည်များ၊ ကေသန်း၂၀ကျော် စိုက်ပျိုးနိုင်သော လယ်ယာမြေများနှင့် စိုက်ပျိုးသီးနှံ ထွက်ကုန်များကို တိုင်းခြားသား နယ်ချဲ့တို့ ရာစုနှစ်တစ်ခုမက ထုတ်ယူသုံးစွဲသွားခဲ့ကြသဖြင့် “ရွှေကိုယူသည်၊ ငွေကိုယူသည်၊ ပြီးတော့ လူကိုပါယူသည်” ဟူသော သီချင်းကို အံကြိတ်ပြီး ဆိုခဲ့ကြရပြီးပြီဖြစ်သည်။ ယနေ့ လတ်တလော ပြည်ပ ကျူးကျော်မှုဒဏ်ကြောင့် နိုင်ငံတစ်ခုလုံး ပြောင်သလင်းခါအောင် စီးပွားပျက်၊ မြို့ပျက်၊ ရွာပျက်၊ လူ့အသက်သိန်းချီသေနေရသော အချို့နိုင်ငံများ၏ အပျက်အစီးများက မြန်မာတို့အား သူ့ကျွန်ဘဝဟောင်းကို ပြန်ပြောင်းသတိပေးနေပေသည်။

လူတို့၏ ချစ်ခြင်းတရားသည် မိမိကိုယ်မိမိ ချစ်တတ်လွန်းသော အတ္တမှ မိသားစုတည်းဟူသော အနီးကပ် (အတွင်းစည်း) ပရသို့ ကူးယှက်ခဲ့ပြီးနောက် တစ်စတစ်စဖြင့် ကိုယ့်ရပ်ကိုယ့်ရွာကို ချစ်တတ်၊ စေတနာထားတတ်လာသည်။ ထိုမှတစ်ဆင့် ကိုယ့်နိုင်ငံ၊ ကိုယ့်ပြည်ထောင်စုအတွက် မေတ္တာ၊ စေတနာထားတတ်လာသည်၊ စိုးရိမ်တတ်လာသည်၊ ကာကွယ်တတ်လာသည်။ ဤတွင် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်၊ ပြည်ထောင်စုချစ်စိတ်ဓာတ် ပြီးပြည့်စုံခြင်းတို့ ရောက်ရှိလာပေသည်။

သယံဇာတ၊ ရေမြေ ဥတုရာသီကောင်းတို့နှင့် ပြည့်စုံသော၊ တိုးတက်ဖွံ့ဖြိုးကာ ရွှေရောင်ဝင်းသော နိုင်ငံတော်ကြီးဖြစ်လာရန် မြန်မာတိုင်းတွင် ဆန္ဒရှိ၏။ ငြိမ်းချမ်းစွာနေလိုကြသည်။ သူ့ကျွန်ဘဝကို လည်းကောင်း၊ တိုင်းဆူပြည်ပျက် အခြေအနေမျိုးကို လည်းကောင်း နောက်ထပ် မတွေ့ကြုံလိုကြတော့ချေ။

ဤသို့ မိမိတို့ ပြည်ထောင်စုကြီးကို ထာဝရတည်တံ့နေလိုပြီး တိုင်းရင်းသားတို့ စည်းလုံးမှုစွမ်းပကားဖြင့် ဖွံ့ဖြိုးဝေဆာ သာယာဝပြောလာစေလိုကြ၏။ အချုပ်အခြာအာဏာ (လွတ်လပ်ရေး) အစဉ်တည်တံ့ ခိုင်မြဲနေစေလိုကြ၏။ ဤဆန္ဒ၊ ဤစေတနာမျိုး ပြည့်ဝသော မြန်မာတိုင်းတွင် မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ် စိတ်ဓာတ်(ဝါ) ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာစွာ ကိန်းအောင်း တည်ရှိနေပြီဖြစ်သည်။

မြန်မာတို့ ချမ်...
ဟူသော မေတ္တာ၊ စေတ...
စီးပွားရေးပိတ်ဆို့ရန် ...
ဆိုလျှင် နားစွင့်၊ လူအ...
ညီလာခံကြီး အောင်မြ...
စွပ်စွဲ ပုတ်ခတ်နေရမှ ...

မြန်မာ ပြည်ထောင်စုကို မြန်မာ ပြ... ချစ်ကြသလို အခြားပြည်ထောင်စုများ၊ နိုင်... ပြည်ထောင်စုသား၊ နိုင်ငံသားတို့က ချစ်... ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး ကိုယ်ချစ်ခြင်းသ... မင်္ဂလာတစ်ပါးဟု ဆိုအပ်ပေသည်။

ကျွန်တော်တို့သည် အခြားလူမျိုး၊ ... သူတို့နိုင်ငံ၊ သူတို့လူမျိုးကို ချစ်တတ်ကြသည့်အ... မှုဒိတာပွားပါသည်။ ကျွန်တော်တို့ **မြန်မာ... ယဉ်ကျေးမှု ဓလေ့စရိုက်အရ၊ လူကြီးမိ... သွန်သင်မှုအရ၊ ဘာသာတရား အဆုံးအမအ... အရ မိမိကိုယ်ကို ချစ်ခြင်း၊ မိသားစုကို ချ... ချစ်ခြင်းအထိ မှန်ကန်သောမေတ္တာ၊ စေတန... ကြသည်။ ကိုယ်ကောင်းကောင်းစားလို၍ ... နိုင်ငံသား ကောင်းကောင်းစားစေလို၍၊ ဝတ်... လို၍ သူတစ်ပါးအကျိုး ဖျက်ဆီးခြင်းအမှု၊ သ... လုယက်၊ တိုက်ခိုက်၊ ကျူးကျော်ခြင်းမျိုး ... နိဗ္ဗာန်ရောက်ကြောင်း လမ်းညွှန်တရားတော်... မြတ်တရားမှ မဂ္ဂသစ္စာနှင့်အညီ ကောင်းစွာအ... လုံ့လဝီရိယ ဝါယမစိုက်လေ၏။**

မတော်မတရား ခိုးဆိုးလုယက်သူ... အရေးယူ အပြစ်ပေး၏။ မိမိကိုယ်ကို သို့မဟ... ကျွေးမွေးဆင်မြန်းလိုရုံဖြင့် သူတစ်ပါးရိုးသာ... ရှာဖွေထားသော ဥစ္စာများကို လက်နက်အ... အားကိုးဖြင့် ခိုးဆိုးလုယက်ရှာဖွေမှုကို လုံးဝ... တို့သာမက နိုင်ငံတကာတွင်လည်း အလာ...

မြန်မာနိုင်ငံသည် ဆိုခဲ့သည့်အတိုင်... ပေါများ၏။ လက်ရှိကေသန်းအစိတ်ကျော် စို... မြေလပ်၊ မြေရိုင်းများ ထပ်မံဖော်ထုတ်လျှင် နေ... သန်း၂၀ခန့် ပေါ်ပေါက်လာနိုင်၏။ ကမ္ဘာ... ပျဉ်းကတိုးတို့ဖြင့် စိမ်းညို့နေသော သစ်... နိုင်ငံမြေ၏ တစ်ဝက်ခန့်ပေါ်၌ ပေါက်ရောက်... အကြီးဆုံး ပတ္တမြား၊ နီလာ၊ ဂေါ်ကြိုး၊ ပုလဲ... ရတနာများအပါအဝင် ရွှေ၊ ငွေ၊ ကြေး၊ သွ... ဓာတ်ငွေ့ ပေါကြွယ်၏။ မြန်မာ့ပင်လယ်ပြင်၏... ဥတုရာသီကြောင့် ငါး၊ ပုစွန် အရင်းအမြစ်...

မြန်မာ့ရာသီဥတုက သင့်မြတ်ကောင်း... အန္တရာယ် အနည်းဆုံးနိုင်ငံဖြစ်၏။ ဧရာဝတီ၊ ... သံလွင်နှင့် မြစ်လက်တက်၊ မြစ်ပွား၊ မြစ်... အင်းအိုင်တို့တွင်လည်း ရေချိုသယံဇာတ အဖုအ... အသက်သွေး၊ ချောင်းရင်းကာ ရန်းထွက်ခဲ့... လေးငါးခုမျှ သက်ဆိုးရှည်သော ရောင်စုံ...

မြန်မာ ပြည်ထော...
အခြားပြည်ထောင်စုများ...
တို့က ချစ်နေကြပေမည်...
ကောင်းမြတ်သော မင်္ဂလ...

မြန်မာတို့ ချမ်းသာပါစေ၊ ကျန်းမာပါစေ၊ ပြည်ထောင်စုကြီး ခိုင်မြဲပါစေ၊ ဖွံ့ဖြိုးတိုးတက်ပါစေ၊ ငြိမ်းချမ်းသာယာစွာ နေပါစေ ဟူသော မေတ္တာ၊ စေတနာရှေ့ထားသည့် မျိုးချစ်စိတ်ဓာတ် မျိုးစောင့်တရားကို သွင်သွင်ဆန့်ကျင်ကာ မြန်မာနိုင်ငံကို အနောက်က စီးပွားရေးပိတ်ဆို့ရန် တောင်းဆို၊ ပိတ်ဆို့လိုက်ပြီဆိုလျှင် ဟန်မလုပ်နိုင်အောင် အားရပျော်ရွှင်ကြ၊ မြန်မာနိုင်ငံတွင် မုန်တိုင်းဝင်ပြီဆိုလျှင် နားစွင့်၊ လူအသေအပျောက်မရှိ၊ ပျက်စီးမှုနည်းလျှင် စိတ်ပျက်၊ မြန်မာနိုင်ငံတွင် ဒီမိုကရေစီဖော်ဆောင်မည့် အမျိုးသားညီလာခံကြီး အောင်မြင်တော့မည်ဆိုသည်နှင့် မအိပ်နိုင်၊ မစားနိုင်ဖြစ်၊ နယ်ချဲ့အသံချဲ့စက်များမှတစ်ဆင့် မြန်မာနိုင်ငံအပေါ် လိမ်လည်စွပ်စွဲ ပုတ်ခတ်နေရမှ နေသာထိုင်သာ ရှိကြသည့်ဘဝသို့ ရောက်နေရသူများကား "မျိုးချစ်စိတ် ပြန်လမ်းမရှိသူများ" သာဖြစ်တော့သည်။

မြန်မာ ပြည်ထောင်စုကို မြန်မာ ပြည်ထောင်စုသားတို့က ချစ်ကြသလို အခြားပြည်ထောင်စုများ၊ နိုင်ငံများကိုလည်း ယင်းပြည်ထောင်စုသား၊ နိုင်ငံသားတို့က ချစ်နေကြပေမည်။ ထိုသို့ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး ကိုယ်ချစ်ခြင်းသည် ကောင်းမြတ်သော မင်္ဂလာတစ်ပါးဟု ဆိုအပ်ပေသည်။

ကျွန်တော်တို့သည် အခြားလူမျိုး၊ အခြားနိုင်ငံသားများ သူတို့နိုင်ငံ၊ သူတို့လူမျိုးကို ချစ်တတ်ကြသည့်အတွက် ဝမ်းသာပါသည်၊ မုဒိတာပွားပါသည်။ ကျွန်တော်တို့ **မြန်မာလူမျိုးများသည် ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်အရ၊ လူကြီးမိဘ ဆရာသမားများ သွန်သင်မှုအရ၊ ဘာသာတရား အဆုံးအမအရ ပင်ကိုမြန်မာ့စိတ်ရင်းအရ မိမိကိုယ်ကို ချစ်ခြင်း၊ မိသားစုကို ချစ်ခြင်းမှသည် နိုင်ငံကို ချစ်ခြင်းအထိ မှန်ကန်သောမေတ္တာ၊ စေတနာအရင်းခံပြီး ချစ်တတ်ကြသည်။ ကိုယ်ကောင်းကောင်းစားလို၍၊ ကိုယ့်မိသားစု၊ ကိုယ့်နိုင်ငံသား ကောင်းကောင်းစားစေလို၍၊ ဝတ်စားဆင်ယင် နေထိုင်စေလို၍ သူတစ်ပါးအကျိုး ဖျက်ဆီးခြင်းအမှု၊ သူတစ်ပါးပစ္စည်း ခိုးယူ၊ လုယက်၊ တိုက်ခိုက်၊ ကျူးကျော်ခြင်းမျိုး မလုပ်ကြချေ။ ဗုဒ္ဓ၏ နိဗ္ဗာန်ရောက်ကြောင်း လမ်းညွှန်တရားတော်နှင့်အညီ သစ္စာလေးပါး မြတ်တရားမှ မဂ္ဂသစ္စာနှင့်အညီ ကောင်းစွာအသက်မွေး၏၊ ကောင်းစွာ လုံ့လဝီရိယ ဝါယမစိုက်လေ၏။**

မတော်မတရား ခိုးဆိုးလုယက်သူများအား ဥပဒေအရ အရေးယူ အပြစ်ပေး၏။ မိမိကိုယ်ကို သို့မဟုတ် မိမိ၏ မိသားစုကို ကျွေးမွေးဆင်မြန်းလိုရုံဖြင့် သူတစ်ပါးရိုးသား၊ ကြိုးစား အားထုတ်ရှာဖွေထားသော ဥစ္စာများကို လက်နက်အားကိုး၊ လူမိုက်စရိုက်အားကိုးဖြင့် ခိုးဆိုးလုယက်ရှာဖွေမှုကို လုံးဝ အားမပေးချေ။ မြန်မာတို့သာမက နိုင်ငံတကာတွင်လည်း အလားတူ ကျင့်သုံးကြ၏။

မြန်မာနိုင်ငံသည် ဆိုခဲ့သည့်အတိုင်း စိုက်မြေ၊ ပျိုးမြေပေါများ၏။ လက်ရှိကေသန်းအစိတ်ကျော် စိုက်ပျိုးနေကာ မြေလွတ်မြေလပ်၊ မြေရိုင်းများ ထပ်မံဖော်ထုတ်လျှင် နောက်ထပ်စိုက်ပျိုးမြေဧကသန်း ၂၀ ခန့် ပေါ်ပေါက်လာနိုင်၏။ ကမ္ဘာကျော် မြန်မာ့ကျွန်း၊ ပျဉ်းကတိုးတို့ဖြင့် စိမ်းညို့နေသော သစ်တောကြီးများကလည်း နိုင်ငံမြေ၏ တစ်ဝက်ခန့်ပေါ်၌ ပေါက်ရောက်လျက်ရှိ၏။ ကမ္ဘာတွင် အကြီးဆုံး ပတ္တမြား၊ နီလာ၊ ဂေါ်ကြိုး၊ ပုလဲ၊ ကျောက်စိမ်းစသည့် ရတနာများအပါအဝင် ရွှေ၊ ငွေ၊ ကြေး၊ သွပ်၊ သံ၊ ရေနံ၊ သဘာဝဓာတ်ငွေ့ ပေါကြွယ်၏။ မြန်မာ့ပင်လယ်ပြင်၏ ပထဝီအနေအထားနှင့် ဥတုရာသီကြောင့် ငါး၊ ပုစွန် အရင်းအမြစ်လည်း ကြွယ်ဝလှ၏။

မြန်မာ့ရာသီဥတုက သင့်မြတ်ကောင်းမွန်လှ၏။ သဘာဝဘေး အန္တရာယ် အနည်းဆုံးနိုင်ငံဖြစ်၏။ ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်နှင့် မြစ်လက်တက်၊ မြစ်ပွား၊ မြစ်ငယ်၊ ချောင်းမြောင်း၊ အင်းအိုင်တို့တွင်လည်း ရေချိုသယံဇာတ အဖူအလုံရှိ၏။ သူ့ကျွန်ဘဝမှ အသက်သွေး၊ ချွေးရင်းကာ ရုန်းထွက်ခဲ့ပြီးနောက် ဆယ်စုနှစ်လေးငါးခုမျှ သက်ဆိုးရှည်သော ရောင်စုံသောင်းကျန်းမှုကိုလည်း ယခုအခါ ငြိမ်းချမ်းရေး ရေသီတာဖြင့် ပက်ဖျန်းငြိမ်းအေးစေနိုင်ခဲ့သည်။ ဤအခြေအနေကောင်း၊ အခြေခံကောင်း၊ ငြိမ်းချမ်းရေး ဝန်းကျင်ကောင်း၌ နိုင်ငံဖွံ့ဖြိုးရေးကို ဇောက်ချ လုပ်ကိုင်လာနိုင်ခဲ့ကြ၏။

နိုင်ငံစီးပွားရေးတိုးတက်ဖွံ့ဖြိုးစေမည့် အခြေခံအဆောက်အအုံများဖြစ်သည့် ဆည်မြောင်း၊ တာတမံ၊ လမ်း၊ တံတား၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ ကုန်ထုတ်စက်ရုံများ၊ စက်မှုလယ်ယာများ၊ စွမ်းရည်ပြည့် လူသားအရင်းအမြစ်များ ပျိုးထောင်ပေးမည့် စာသင်ကျောင်းများ၊ ကောလိပ်၊ သိပ္ပံ၊ တက္ကသိုလ်များ လက်ညှိုးထိုးမလွဲ တည်ဆောက်နိုင်ခဲ့၏။ ဆက်လက်တည်ဆောက်ဆဲလည်း ဖြစ်သည်။

သယံဇာတ၊ ရေမြေ ဥတုရာသီကောင်းတို့နှင့် ပြည့်စုံသော၊ တိုးတက်ဖွံ့ဖြိုးကာ ရွှေရောင်ဝင်းသော နိုင်ငံတော်ကြီးဖြစ်လာရန် မြန်မာတိုင်းတွင် ဆန္ဒရှိ၏။ ငြိမ်းချမ်းစွာ နေလိုကြသည်။ သူ့ကျွန်ဘဝကိုလည်းကောင်း၊ တိုင်းဆူပြည်ပျက် အခြေအနေမျိုးကိုလည်းကောင်း နောက်ထပ် မတွေ့ကြုံလိုကြတော့ချေ။ ဤသို့ မိမိတို့ ပြည်ထောင်စုကြီးကို ထာဝရတည်တံ့နေလိုပြီး တိုင်းရင်းသားတို့ စည်းလုံးမှုစွမ်းပကားဖြင့် ဖွံ့ဖြိုးဝေဆာ သာယာဝပြောလာစေလိုကြ၏။ အချုပ်အခြာအာဏာ (လွတ်လပ်ရေး) အစဉ်တည်တံ့ခိုင်မြဲ နေစေလိုကြ၏။ ဤဆန္ဒ၊ ဤစေတနာမျိုးပြည့်ဝသော မြန်မာတိုင်းတွင် မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ်(ဝါ) ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာစွာ ကိန်းအောင်း တည်ရှိနေပြီးဖြစ်သည်။

မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ဖြင့်လည်းကောင်း၊ ကိုယ့်နိုင်ငံ ကောင်းစားချမ်းသာ ကြွယ်ဝလာစေလိုစိတ်ဖြင့် လည်းကောင်း သူတစ်ပါးနိုင်ငံများကို ကျူးကျော်ကာ ရေမြေ၊ သယံဇာတ၊ ဓနဥစ္စာများ လုယူခြင်းသည် စင်စစ် မိသားစုကို ခိုးဆိုးလုယက်ပြီး ကျွေးမွေးခြင်းပင် ဖြစ်သည်။ မိမိတို့နိုင်ငံ စက်မှုလုပ်ငန်းများအတွက် လောင်စာရေနံလား၊ ကျောက်မီးသွေးလား၊ သဘာဝဓာတ်ငွေ့လား လိုအပ်လျှင် ရိုးရိုးသားသား ဝယ်သုံးပါ။ အခြား ကုန်ကြမ်း ဓာတ်သတ္တုများ၊ ဝါဂွမ်း၊ ရော်ဘာ စသည့် စိုက်ပျိုးသီးနှံများကိုလည်း ကြိုက်ရာနိုင်ငံမှ ပေါက်ဈေးပေးဝယ်ပါ။ မိမိတို့ စက်ရုံထွက်ပစ္စည်းများကိုလည်း အခြားနိုင်ငံ ထုတ်ကုန်များနှင့် ဈေးကွက်တွင် အေးချမ်းစွာ လွတ်လွတ်လပ်လပ် ယှဉ်ပြိုင်ရောင်းပါ။ ဝယ်သူရှိလျှင် ရောင်းသူရှိမည်။ ရောင်းသူရှိလျှင် ဝယ်သူရှိမည်။ ရိုးသားစွာ မဝယ်မရောင်းဘဲ အနိုင်အထက်လုပ် ယူခြင်းလောက် လူ့ယဉ်ကျေးမှုသမိုင်းတွင် ကြီးမားသော ရာဇဝတ်မှုမျိုး ရှိအံ့မထင်။

ယခုမူ ရေနံများအပါအဝင် သယံဇာတများကို လက်ဝါးကြီးအုပ် သွေးစုပ်လိုသဖြင့် လူ့အခွင့်အရေး၊ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ အကြမ်းဖက်မှု ပပျောက်ရေး စသည့် အကြောင်းပြချက် အတုအလိမ်များဖြင့် ကျူးကျော်နယ်ချဲ့နေသော လုပ်ရပ်များသည် ၎င်းတို့နိုင်ငံ၊ ၎င်းတို့လူမျိုးကို ချစ်၍ဟု မည်သို့ဆိုပါစေ၊ လက်ခံသင့်သော အကြောင်းပြချက် မဟုတ်ပါ။

ဤသို့ မိမိကိုယ်မိမိ ချစ်လွန်းသော ကိုလိုနီနိုင်ငံကြီးများ၏ အတ္တသည် အတ္တလွန်ဝါဒဖြစ်သွားချေပြီ။ တစ်နည်းအားဖြင့် ပရပယ်ဝါဒ ဖြစ်သွားပေပြီ။ **လွန်ခဲ့သည့် ရာစုနှစ်များက ကမ္ဘာတစ်ခုလုံး လောက်နီးနီး ကျူးကျော်ကျွန်ပြု၊ သွေးစုပ်ဖိနှိပ်ခဲ့သော နိုင်ငံများသည် ယနေ့ ကမ္ဘာ့ဒီမိုကရေစီ ကယ်တင်ရှင်နိုင်ငံများအသွင်ဖြင့် ပြန်လည်ခေါင်းထောင်လာကြပြန်ပေပြီ။ ယင်းတို့၏ ရည်ရွယ်ချက်အရင်းသည်ကား ကုလသမဂ္ဂက ဖျက်သိမ်းထားသော ကိုလိုနီနယ်ချဲ့စနစ်ကို မွမ်းမံ၊ ဖာထေး၊ ဆေးရောင်ပြောင်းသုတ်ပြီး သွယ်ဝိုက်ကျွန်ပြုသော ကိုလိုနီပုံစံသစ်ကို အသုံးပြုမည်။ နိုင်ငံများစွာမှ လုပ်အားများကို ပေါချောင်ကောင်းသုံးမည်။ လောင်စာစွမ်းအင်များ၊ သယံဇာတများ အလကားပဲတင်းလောက်နှင့် လက်ဝါးကြီးအုပ်မည်။ ထို့ကြောင့် ကိုလိုနီနိုင်ငံကြီးများ၏ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်သည် အခြားကမ္ဘာ့နိုင်ငံငယ်များအတွက် အန္တရာယ်အဆိပ်အတောက်ပင် ဖြစ်သည်။**

နယ်ချဲ့ဆိုသည်မှာ သူတစ်ပါး ရေမြေသယံဇာတကို အင်အားသုံး လုယက်ယူခြင်းကိုလျှာတွေ့ခဲ့ပြီးသူများ၊ မသမာလောဘ အစွယ်ပေါက်ပြီးသူများဖြစ်သည်။ သူတို့သည် မည်သည့်အခါမှ ဖြောင့်မှန်လာကြတော့မည်မဟုတ်ပေ။ ထိုနယ်ချဲ့များတွင် အင်အားမည်မျှရှိနေနေ၊ ကိုယ့်နိုင်ငံ ကိုယ်ချစ်သော၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ရှိနေသော နိုင်ငံများကိုထင်ရာလုပ်၍မရနိုင်ကြောင်း၊ ဗီယက်နမ်ပြည်သူတို့က စံနမူနာပြခဲ့ပြီး ယခုအခါ အီရတ်နှင့် အာဖဂန်ပြည်သူတို့က ဆက်လက်ပြသနေပြီဖြစ်သည်။

ဤသို့ အစွယ်တငေါ်ငေါ် နယ်ချဲ့များကို တပည့်ခံသူများကား အချုပ်တန်းဆရာဘေ၏ တေးထပ်တွင်ပါရှိသည့်အတိုင်း **"မိပစ်လို့ ဖရှောင်သွေသည်၊ ဂွကောင်တွေ ခွေးဖြစ်ပေါ့ဗျိုး၊ မြန်မာချင်းတော့ ကြွားကြချင်သည်။ စားပြအသွင်လူဆိုး"**ဟူသော နယ်ချဲ့ကပ်မြှောင်ကာ အာဏာရလိုမှုသက်သက်ဖြင့် ကိုယ့်နိုင်ငံကိုယ် သစ္စာဖောက်ဖျက် ဒုက္ခပေးနေသူများ၊ **"ပြောရောဟဲ့ ရာဇဝင်ပြောင်အောင်၊ စာသင်တောင်ဒူးချလို့၊ ပလူးရပြေးကြို့ခါခါ၊ ခွေးသို့ပမာ၊ တွေးမိတိုင်းအရိုးနာသည်"** ဟူသော ဆရာဘေ ပြည့်ဆန်းခဲ့သည့် နယ်ချဲ့ဒူးထောက် အမျိုးသားသစ္စာဖောက်များသာဖြစ်ရာ ၎င်းတို့ထံတွင် မျိုးချစ်စိတ်ဓာတ်ဟူသည် မြူတစ်မှုန်စာမျှပင် မရှိတော့ပါချေ။

မြန်မာတို့ချမ်းသာပါစေ၊ ကျန်းမာပါစေ၊ ပြည်ထောင်စုကြီးခိုင်မြဲပါစေ၊ ဖွံ့ဖြိုးတိုးတက်ပါစေ၊ ငြိမ်းချမ်းသာယာစွာနေပါစေ ဟူသော မေတ္တာ၊ စေတနာရှေ့ထားသည့် မျိုးချစ်စိတ်ဓာတ် မျိုးစောင့်တရားကို သွင်သွင်ဆန့်ကျင်ကာ မြန်မာနိုင်ငံကို အနောက်က စီးပွားရေးပိတ်ဆို့ရန် တောင်းဆို၊ ပိတ်ဆို့လိုက်ပြီဆိုလျှင် ဟန်မလုပ်နိုင်အောင် အားရပျော်ရွှင်ကြ၊ မြန်မာနိုင်ငံတွင် မုန်တိုင်းဝင်ပြီဆိုလျှင် နားစွင့်၊ လူအသေအပျောက်မရှိ၊ ပျက်စီးမှုနည်းလျှင် စိတ်ပျက်၊ မြန်မာနိုင်ငံတွင် ဒီမိုကရေစီဖော်ဆောင်မည့် အမျိုးသားညီလာခံကြီး အောင်မြင်တော့မည်ဆိုသည်နှင့် မအိပ်နိုင်၊ မစားနိုင်ဖြစ်၊ နယ်ချဲ့အသံချဲ့စက်များမှတစ်ဆင့် မြန်မာနိုင်ငံအပေါ် လိမ်လည်စွပ်စွဲ ပုတ်ခတ်နေရမှ နေသာထိုင်သာ ရှိကြသည့်ဘဝသို့ ရောက်နေရသူများကား "မျိုးချစ်စိတ် ပြန်လမ်းမရှိသူများ"သာ ဖြစ်တော့သည်။

လွတ်လပ်ရေး ပြန်ရသည့် ၁၉၄၈ ခုနှစ်မှစပြီး နယ်ချဲ့အုပ်စုက နည်းမျိုးစုံဖြင့် မြန်မာ့လွတ်လပ်ရေးကို ဖျက်ဆီးပစ်ရန်၊ ပြည်ထောင်စုကြီးကို ဖြိုခွဲပစ်ရန် ကြံစည်ခဲ့ကြသည်။ ယခုဆိုလျှင် နှစ်ပေါင်း ၆၀ သို့ ချဉ်းလာပေပြီ။ လွတ်လပ်ရေးရသည်မှစ၍ ယနေ့အထိ မြန်မာ့လွတ်လပ်ရေးကို ထိပါး၊ ပြည်ထောင်စုကို ထိပါးသော လုပ်ဆောင်နေမှုများလည်း အတောမသတ်နိုင်သေးပေ။

ကျွန်တော်တို့ ကြားခဲ့ရ၊ ဆိုခဲ့ရသော သီချင်းတစ်ပုဒ်တွင် "ဗိုလ်ချုပ်အောင်ဆန်းလမ်းစဉ်" ဟူ၍ ထပ်ခါတလဲလဲ ပါရှိသည်။ ဗိုလ်ချုပ်အောင်ဆန်းလမ်းစဉ်ကား လွတ်လပ်ရေးလမ်းစဉ်ဖြစ်ပေသည်။ မြန်မာတစ်မျိုးသားလုံး၏ လမ်းစဉ်သည်လည်း လွတ်လပ်ရေးလမ်းစဉ်ပင်ဖြစ်သည်။ (၁)ဆုံးရှုံးခဲ့ရသည့် လွတ်လပ်ရေးကို အရပြန်ယူမည်။ (၂) ပြန်လည်ရရှိပြီးသော မြန်မာ့လွတ်လပ်ရေးကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အစဉ်ကာကွယ်စောင့်ရှောက်မည်။ (၃) လွတ်လပ်သော နိုင်ငံပီပီ ရေမြေဥတု သဘာဝကောင်း၊ သယံဇာတကောင်း ကြွယ်ဝသည့် နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုး တိုးတက်ကာ မြန်မာပြည်သူအားလုံး လွတ်လပ်ရေး၏ ကောင်းကျိုးချမ်းသာ (ဝါ) လွတ်လပ်ရေး အရသာကို ခံစား စံစားကြစေမည်ဖြစ်သည်။

ယနေ့ မြန်မာနိုင်ငံ ပျက်စီးရာပျက်စီးကြောင်းကို နယ်ချဲ့နိုင်ငံများနှင့် အပေးအယူချိတ်ဆက်ပြီး ဖျက်ဆီးနှောင့်ယှက်နေခြင်းသည် ဗိုလ်ချုပ်လမ်းစဉ်ကို ဖောက်ဖျက်ခြင်း (ဝါ) ပြည်ထောင်စုသားအားလုံး၏ လမ်းစဉ်ကို ဆန့်ကျင်သွေဖည်ခြင်းပင်ဖြစ်သည်။ ပုဂ္ဂိုလ်တစ်ဦး၊ တစ်စု၊ တစ်ဖွဲ့ကောင်းစားရေးအတွက် ပြည်ထောင်စုကြီးတစ်ခုလုံး၏ အကျိုးစီးပွားကို ဖျက်ဆီးနှောင့်ယှက်နေသော နယ်ချဲ့လက်ဝေခံများအဖို့ အချိန်မီ နောင်တရသင့်ကြပေပြီ။

မြန်မာနိုင်ငံကို ၁၉၄၈ ခုနှစ်မှ ယနေ့တိုင် နည်းအမျိုးမျိုး၊ ပုံစံအမျိုးမျိုးဖြင့် ဖျက်ဆီးနှောင့်ယှက်သော ပြည်ပနယ်ချဲ့သမား(လက်ဟောင်း၊ လက်သစ်)များနှင့် ၎င်းတို့၏လက်ဝေခံများ (အချုပ်တန်းဆရာဘေက **"တွေးမိတိုင်း အရိုးနာသည်၊ အမျိုးကိုပါ ဆဲချင်ပေါ့လေး"**ဟု တေးထပ်ဖြင့် ရေးစပ်ရှုတ်ချခဲ့သူများ) မည်မျှပင် ကြိုးစားပမ်းစား ဖျက်ဆီးနှောင့်ယှက်ကြစေကာမူ မြန်မာတို့၏ မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ်၊ ဝံသာနု ရက္ခိတတရားတို့အား လွှမ်းခြုံထားသော ပြည်ထောင်စုစိတ်ဓာတ် တန်ခိုးစွမ်းပကားသည် မြန်မာပြည်ထောင်စုကြီးကို အစဉ်ထာဝရ ကာကွယ်စောင့်ရှောက်လျက် ရှိနေကြောင်းပါခင်ဗျား။ ။

မြန်မာ ပြည်ထောင်စုကို မြန်မာ ပြည်ထောင်စုသားတို့က ချစ်ကြသလို အခြားပြည်ထောင်စုများ၊ နိုင်ငံများကိုလည်း ယင်းပြည်ထောင်စုသား၊ နိုင်ငံသားတို့က ချစ်နေကြပေမည်။ ထိုသို့ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး ကိုယ်ချစ်ခြင်းသည် ကောင်းမြတ်သော မင်္ဂလာတစ်ပါးဟု ဆိုအပ်ပေသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ထိုင်းနိုင်ငံ Chairman of Council for National Security နှင့် ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General, Sonthi Boonyaratglin တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

ဆိုက်ရောက်လာ

ရှေးဦးစွာ ဧည့်သည်တော် ထိုင်းနိုင်ငံ Chairman of Council for National Security နှင့် ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General, Sonthi Boonyaratglin ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ၏ အထူးလေယာဉ်သည် နံနက်၁၀နာရီခွဲတွင် နေပြည်တော်လေဆိပ်သို့ ဆိုက်ရောက်လာရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ထိုင်းနိုင်ငံ Chairman of Council for National Security နှင့် ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General, Sonthi Boonyaratglin တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။ (သတင်းစဉ်)

အလေးပြုခြင်းခံယူ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဧည့်သည်တော် ထိုင်းနိုင်ငံ Chairman of Council for National Security နှင့် ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General, Sonthi Boonyaratglin တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် နေပြည်တော်လေဆိပ်ရှိ အလေးပြုခုံ စင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

ဆက်လက်၍ ဧည့်သည်တော် ထိုင်းနိုင်ငံ Chairman of Council for National Security နှင့် ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General, Sonthi Boonyaratglin နှင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဧည့်သည်တော် ထိုင်းနိုင်ငံ Chairman of Council for National Security နှင့် ထိုင်းဘုရင့်တပ်မတော်ကြည်းတပ်ဦးစီးချုပ် General, Sonthi Boonyaratglin နှင့်အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ရင်းရင်းနှီးနှီး နှုတ်ဆက်

အလားတူ ဧည့်သည်တော် ထိုင်းနိုင်ငံ Chairman of Council for National Security နှင့် ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General, Sonthi Boonyaratglin ကလည်း ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ပို့ဆောင်နှုတ်ဆက်

ထို့နောက် ဧည့်သည်တော် ထိုင်းနိုင်ငံ Chairman of Council for National Security နှင့် ထိုင်းဘုရင့်တပ်မတော်ကြည်းတပ်ဦးစီးချုပ် General, Sonthi Boonyaratglin ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် နေပြည်တော်ဟိုတယ်ဇုန်သို့ မော်တော်ယာဉ်များဖြင့် ထွက်ခွာသွားကြရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းနိုင်ငံ Chairman of Council for National Security နှင့် ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General, Sonthi Boonyaratglin ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်တွင် ကြိုဆိုစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

(၁၃၆၉ ခုနှစ်၊ ဝါခေါင်လပြည့်နေ့၊ ဥပုသ်နေ့)
၂၈–၈–၂၀၀၇ ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (အဖွဲ့ဝင်) ပဲခူးတိုင်း ပဲခူးမြို့နယ် ကံထူးဓမ္မရိပ်သာကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝါယမ (မဟာဂန္ထဝါစကပဏ္ဍိတ) ဟောကြားတော်မူအပ်သော မေတ္တာအခါတော်နေ့တရားတော်
- ၈:၂၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၃၀ ၆။ International News
- ၈:၄၅ ၇။ Islands or Dhamma.
- ၈:၅၀ ၈။ ဘဒ္ဒန္တသောဘဏ (အဘိဓဇမဟာရဋ္ဌဂုရု) နိုင်ငံတော်သြဝါဒါစရိယ ရွှေတိဂုံစေတီတော် သြဝါဒါစရိယ၊ ညောင်တုန်း ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ဗဟန်းမြို့နယ် ရန်ကုန်တိုင်းထံမှ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ မေတ္တာသုတ်ပါဠိတော်နှင့်အနက် (မြန်မာပြန်) (ဓမ္မစကြာဝတ်ရွတ်အဖွဲ့၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)
- ၁၆:၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (သင်္ချာအထူးပြု) [သင်္ချာ]
- ၁၆:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၇:၁၀ ၆။ ၂၀၀၇ ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့်ခေတ်ဟောင်းတေး) (ဝါသနာရှင်၊ ပထမတန်းအဆင့်) (အမျိုးသမီး)
- ၁၇:၂၀ ၇။ ဆိုကြမယ် ပျော်ကြမယ်
- ၁၈:၀၀ ၈။ ညနေခင်းသတင်း
- ၁၈:၃၀ ၉။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၀။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
- ၁၈:၅၀ ၁၁။ ယနေ့ကမ္ဘာနှင့် လောင်စာဆီဈေးနှုန်းပြဿနာ
- ၁၉:၀၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သောရွှေနေခြည်**(အပိုင်း–၇)
- ၂၀:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပြုံးလှည့်ပါချစ်သူရယ်** (အပိုင်း–၁)
- ၁၇။ သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ မေတ္တာသုတ္တန် တရားတော်

တရုတ်နိုင်ငံ၏ ရေဒီယို၊ ရုပ်ရှင်နှင့် ရုပ်မြင်သံကြားလုပ်ငန်းများ ခေတ်မီအဆင့်မြင့် နည်းပညာများ အသုံးပြုရန်လိုအပ်

ပေကျင်း ဩဂုတ် ၂၇

တရုတ်နိုင်ငံ၏ ရေဒီယို၊ ရုပ်ရှင်နှင့် ရုပ်မြင်သံကြားလုပ်ငန်းများတွင် အဆင့်မြင့်နည်းပညာသစ်များ ဖြည့်ဆည်းသုံးစွဲရန်၊ ဒီဂျစ်တယ်နှင့် အင်တာနက်များ အပါအဝင် ပညာရပ်သစ်များ အသုံးပြုရန် တရုတ်အရာရှိကြီးတစ်ဦးဖြစ်သူ လီချန်ချမ်က ဩဂုတ် ၂၄ ရက်၌ တိုက်တွန်းလိုက်သည်။

မစ္စတာလီချန်ချမ်သည် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ နိုင်ငံရေးပေါ်လစ်ဗျူရို အမြဲတမ်းကော်မတီ အဖွဲ့ဝင်တစ်ဦးဖြစ်သည်။ ၎င်းသည် ပေကျင်းမြို့တွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ရေဒီယို၊ ရုပ်ရှင်နှင့် ရုပ်မြင်သံကြားဆိုင်ရာပြပွဲသို့ တက်ရောက်စဉ် အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

ထုတ်လွှင့်

မိမိတို့ တရုတ်နိုင်ငံ၏ ရေဒီယို၊ ရုပ်ရှင်နှင့် ရုပ်မြင်သံကြားထုတ်လွှင့်မှုစနစ်များကို တိုးတက်ဆန်းသစ်ရန် ပြောင်းလဲပစ်ရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ရေဒီယိုအသံလွှင့် အစီအစဉ်များ၊ ရုပ်ရှင်နှင့် ရုပ်မြင်သံကြားထုတ်လွှင့်မှုများသည် ပြည်သူများအား စိတ်ဝင်စားအောင် ဆွဲဆောင်မှုရှိရမည်ဖြစ်ကြောင်းလည်း လီချန်ချမ်က ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ရုရှားနိုင်ငံ မော်စကိုမြို့၌ ကျင်းပသည့် လေကြောင်းပြပွဲတွင် ရုရှား ကင်းလှည့်လေယာဉ်များ၏ စွမ်းရည်ပြကွက်ကို ဩဂုတ် ၂၅ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်မြောက်ပိုင်း တပ်စခန်းပုံးခွဲခံရ လေးဦးသေဆုံးပြီး ၁၅ ဦးဒဏ်ရာရ

ဘဂ္ဂဒက် ဩဂုတ် ၂၇

ဘဂ္ဂဒက်မြို့မြောက်ပိုင်းရှိ အမေရိကန်နှင့်အီရတ် ပူးတွဲတပ်စခန်းတစ်ခုကို အသေခံကားဗုံးခွဲသူနှစ်ဦးက ဗုံးခွဲတိုက်ခိုက်မှုကြောင့် အီရတ်တပ်ဖွဲ့ဝင်လေးဦးသေဆုံးပြီး အမေရိကန်တပ်ဖွဲ့ဝင် ၁၁ ဦး ဒဏ်ရာရရှိကြောင်း အမေရိကန်စစ်ဘက်က ဩဂုတ် ၂၃ ရက်တွင် ကြေညာသည်။

အသေခံ ကားဗုံးခွဲသူ နှစ်ဦးက ထိုတပ်စခန်းကို ဩဂုတ် ၂၂ ရက်က တိုက်ခိုက်ခြင်း ဖြစ်ကြောင်း၊ အီရတ်တပ်ဖွဲ့ဝင်လေးဦးလည်း ဒဏ်ရာရရှိသွားကြောင်း စစ်ဘက် ကြေညာချက်တွင် ဖော်ပြသည်။

ပျက်ကျ

ဩဂုတ် ၂၂ ရက် စောစောပိုင်းကလည်း အီရတ်နိုင်ငံမြောက်ပိုင်းတွင် ရဟတ်ယာဉ်ပျက်ကျသဖြင့် အမေရိကန်တပ်ဖွဲ့ဝင် ၁၄ ဦးသေဆုံးကြောင်း အမေရိကန် စစ်ဘက်ကြေညာချက်၌ ဖော်ပြထားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အမြင့်ဆုံးကြိုးတန်းပေါ် လမ်းလျှောက်သူ

ကမ္ဘာ့အမြင့်ဆုံးကြိုးတန်းပေါ် လမ်းလျှောက်ပြီး စံချိန်တင်နေသူတစ်ဦးအား တွေ့ရစဉ်။ (အောက်ပုံ)

ရုရှားနိုင်ငံ တောင်တန်းထူထပ်သောဒေသရှိ တီဆော့ဗ်ရာ ကျေးရွာသားတစ်ဦးက အမြင့်မီတာ ၃၀၀၀ ရှိသော တောင်နှစ်လုံးကို ကြိုးဖြင့်သွယ်တန်းကာ ၎င်းကြိုးတန်းပေါ်မှ လမ်းလျှောက်ပြပြီး ကမ္ဘာ့အမြင့်ဆုံး ကြိုးတန်းပေါ် လမ်းလျှောက်သူအဖြစ် စံချိန်တင်နိုင်ခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

ကမ္ဘာ့အကြီးဆုံး လက်ရက်ကော်ဇော

ကမ္ဘာပေါ်တွင် အကြီးဆုံး လက်ရက်ကော်ဇောကြီးတစ်ခုကို တွေ့ရစဉ်။ (အောက်ပုံ)

အီရန်နိုင်ငံ တီဟီရန်မြို့လယ် ရင်ပြင်တစ်ခု၌ တီဟီရန်မြို့သူမြို့သားများက စုပေါင်းရက်လုပ်ထားသော ကော်ဇောကြီးတစ်ချပ်မှာ အကျယ်စတုရန်းမီတာ ၆၀၀၀ရှိရာ ကမ္ဘာပေါ်တွင် အကြီးဆုံး လက်ရက်ကော်ဇောကြီးတစ်ခုဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**



နိုကီယာဖုန်း ဒုတိယအကြီးဆုံးဈေးကွက် အိန္ဒိယနိုင်ငံဖြစ်လာ

နယူးဒေလီ ဩဂုတ် ၂၇

တရုတ်နိုင်ငံပြီးလျှင် အိန္ဒိယနိုင်ငံသည် နိုကီယာဖုန်းဈေးကွက်၏ ဒုတိယအကြီးဆုံး ဈေးကွက်ဖြစ်လာကြောင်း နိုကီယာဖုန်းကုမ္ပဏီက ဩဂုတ် ၂၄ ရက်တွင် ပြောကြားသည်။

ယခုနှစ် ပထမနှစ်ဝက်အတွင်းတွင် အိန္ဒိယနိုင်ငံသည် ဗြိတိန်နှင့်အမေရိကန်နိုင်ငံများကဲ့သို့ လက်ကိုင်ဖုန်းနှင့် အွန်လိုင်းစီးပွားရေးလုပ်ငန်းများ အသုံးပြုမှုမှာ ပိုမိုများပြားလာခဲ့ပြီး ဇူလိုင်လအတွင်း မိုဘိုင်းလ်ဖုန်းအသုံးပြုသူ ၁၁၈သန်း ရှိခဲ့သည်။

ဆောင်ရွက်

၂၀၀၄ ခုနှစ်၌ နိုကီယာဖုန်းကုမ္ပဏီအနေဖြင့် အိန္ဒိယနိုင်ငံအတွင်းတွင် အလုပ်သမား ၄၅၀ ခန့်ထားလုပ်ကိုင်ရာမှ ယခုအချိန်တွင် အလုပ်သမား ၉၀၀၀ ကျော်ဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

သုံးစွဲ

လက်ကိုင်ဖုန်းအသုံးပြုသူ ၉၅၀၀၀တွင် ၅၀၀၀၀မှာ နိုကီယာဖုန်းသစ်များကိုသုံးစွဲကြကြောင်း နိုကီယာကုမ္ပဏီ အကြီးအကဲ အိုလီပါကာ ကာလာဆာဗို၏ပြောကြားချက်ကို ကိုးကား၍ ဆင်ဟွာသတင်း၌ဖော်ပြသည်။

ထုတ်လုပ်

အိန္ဒိယနိုင်ငံတောင်ပိုင်း တမီနာဒူပြည်နယ်ရှိ နိုကီယာဖုန်းစက်ရုံမှ ၁၈လအတွင်းတွင် ဖုန်းအလုံးရေ သန်း၆၀ကျော် ထုတ်လုပ်နိုင်ခဲ့ကြောင်း ကာလာဆာဗိုက ထပ်လောင်းပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဗီယက်နမ်၌ ပြည်ပတင်ပို့မှု မြင့်တက်

ဟန္နိုင်း ဩဂုတ် ၂၇

ဗီယက်နမ်နိုင်ငံအနေဖြင့် ပြည်ပပို့ကုန်တင်ပို့မှုများ ပြန်လည်မြင့်တက်လာလျက်ရှိရာ ယခုနှစ် ပထမ ရှစ်လအတွင်း ပြည်ပပို့ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၃ ဘီလီယံ ရရှိမည်ဖြစ်ကြောင်း၊ နှစ်ချင်းအလိုက် မြင့်တက်မှုမှာ ၁၉ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း ပြည်တွင်းသတင်းစာတစ်စောင်က သတင်းထုတ်ပြန်သည်။

အဓိကတင်ပို့

ဩဂုတ်လတစ်လအတွင်း၌ပင် ပြည်ပပို့ ပို့ကုန်များတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၄ သန်း ရရှိခဲ့ကြောင်း၊ အဓိကတင်ပို့သည့် ကုန်ပစ္စည်းများမှာ ဆီကြမ်းများ၊ အဝတ်အထည်နှင့် အထည်အလိပ်များ၊ ရော်ဘာ၊ စက္ကူ၊ဆန်နှင့် ပင်လယ်အစားအစာများဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် စီမံကိန်းဝန်ကြီးဌာနက ပြောကြားသည်။

ဝင်ငွေရ

ဇန်နဝါရီလမှ ဩဂုတ်လအတွင်းတွင် သတ္တုတန်ချိန် ၂၁ သန်း၊ ကော်ဖီတန်ချိန် ၉၄၀၀၀၀ တင်ပို့ခဲ့သည်။ ပြီးခဲ့သည့် ၂၀၀၆ ခုနှစ်က ကုန်ပစ္စည်းတင်ပို့မှုမှ ဝင်ငွေ ၃၉ ဒသမ ၆ သန်းရရှိခဲ့ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကိုယ်အလေးချိန် လျှော့ချရန် ခွဲစိတ်ကုသမှု ယခင်ကထက် အလားအလာ ပိုကောင်းလာ

လော့စ်အိန်ဂျလိစ် ဩဂုတ် ၂၇

ဝမ်းဗိုက်အဆီ လိုးထုတ်မှုနှင့်တကွ အခြားသော အဝလွန် ခွဲစိတ်ကုသမှုများကို နှစ်ရှည်ကြာစွာလေ့လာကြည့်ရာ၌ ထာဝစဉ်ကိုယ်အလေးချိန် လျော့နည်းမှုနှင့် အသက်ရှည်ရှည် ပိုနေရမှုတို့ကို တွေ့ရှိလာရကြောင်း ဩဂုတ် ၂၃ ရက်ထုတ် နယူးအင်္ဂလန် ဆေးပညာဂျာနယ်တွင် ဖော်ပြထားသည်။

အဝလွန်

အမေရိကန်နိုင်ငံ တစ်နိုင်ငံတည်းမှာပင် အဝလွန်၍ ခွဲစိတ်ကုသမှုပေါင်း ယမန်နှစ်က ၁၇၇၆၀၀ရှိခဲ့သည်ဟု ဆိုသည်။

ခွဲစိတ်ကုသ

အမေရိကန်နိုင်ငံ ယူးတားတက္ကသိုလ်မှ တက်အဒမ် ဦးဆောင်သည့်အဖွဲ့နှင့် ဆွီဒင်နိုင်ငံဂုတ်ဘတ်တက္ကသိုလ်မှ ဒေါက်တာလားစ်ဂျော့စတွမ် ဦးဆောင်သည့်အဖွဲ့တို့၏ သုတေသနပြုချက်နှစ်ခုစလုံးတွင် ထိုသို့အားသာချက်များကို နှစ်ပေါင်းခုနစ်နှစ်နှင့် ၁၀ နှစ်အတွင်း တွေ့ရှိခြင်းဖြစ်ရာ နောင်တွင်အဝလွန်၍ ခွဲစိတ်ကုသမှုများ များပြားလာမည့် အလားအလာကို ပြသနေခြင်းလည်းဖြစ်သည်ဟု ဆိုသည်။ **(အင်တာနက်)**

သီရိလင်္ကာတွင် ရထားတိုက်မိ၍ ဆင်ရိုင်း သုံးကောင်သေဆုံး

ကိုလံဘို ဩဂုတ် ၂၇

သီရိလင်္ကာနိုင်ငံ အရှေ့မြောက်ပိုင်းတွင် အမြန်ရထားတစ်စင်းကြောင့် ဆင်ပေါက်လေးနှစ်ကောင် အပါအဝင် ဆင်ရိုင်းသုံးကောင်သေဆုံးသွားခဲ့ကြောင်း၊ ယခုနှစ်အတွင်းတွင် သေဆုံးသည့် ဆင်ရိုင်းအရေအတွက်မှာ ၇၁ ကောင် ရှိသွားပြီဖြစ်ကြောင်း ဒေသတွင်းသတင်းစာတစ်စောင်က ဩဂုတ် ၂၅ ရက်၌ ဖော်ပြသည်။

သေဆုံး

အဆိုပါဆင်များမှာ ဩဂုတ် ၂၄ ရက်က မီးရထားလမ်းပေါ်မှဖြတ်သန်းစဉ် ရထားနှင့်တိုက်မိ၍ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ဒေးလီးမေရာသတင်းစာ၌ ဖော်ပြသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

မာဒေးကားဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ချန်ပီယံမြန်မာ့လက်ရွေးစင်အသင်း ဇင်ဘာဘွေအသင်းကိုနိုင်ပြီး ဖိုင်နယ်ပွဲတက်ရောက်

ရန်ကုန် ဩဂုတ် ၂၇

၂၀၀၇ခုနှစ်(၃၉)ကြိမ်မြောက် မာဒေးကားဖိတ်ခေါ် ဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ဒေသစံတော်ချိန် ၆နာရီခွဲတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဆက်လက်ကျင်းပသည်။ ပြိုင်ပွဲ၏ ပထမအကြိုဖိုင်နယ်ပွဲအဖြစ် လက်ရှိချန်ပီယံ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနှင့် ဇင်ဘာဘွေလက်ရွေးစင် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လက်ရှိချန်ပီယံ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းက သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဖိုင်နယ်ပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအတွက်အနိုင်ဂိုးများကို ပထမပိုင်း ၃၃မိနစ်နှင့် ဒုတိယပိုင်း၁၁မိနစ်တို့တွင် ရန်ပိုင်ကလည်းကောင်း၊ ဒုတိယပိုင်း ၄၄မိနစ်တွင် ရာဇာဝင်းသိန်းကလည်းကောင်း အသီးသီးသွင်းယူပေးခဲ့သည်။

ယှဉ်ပြိုင်ကစားမည်

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ဒုတိယအကြိုဖိုင်နယ်ပွဲယှဉ်ပြိုင်ကစားမည့် စင်ကာပူနှင့် မလေးရှားတို့ပွဲစဉ်မှ နိုင်သည့်အသင်းနှင့် ဩဂုတ် ၂၉ ရက်တွင် နောက်ဆုံးဖိုင်နယ်ပွဲအဖြစ် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးလေဝသအခြေအနေ

၂၈-၈-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

နှင်းဆီကုန်းဘိုးဘွားရိပ်သာ ဘွားသာဖြူ(၁၀၁)နှစ် မွေးနေ့ကျင်းပ

ရန်ကုန် ဩဂုတ် ၂၇

နှင်းဆီကုန်း ဘိုးဘွားရိပ်သာတွင် စောင့်ရှောက်ထားသော ဘိုးဘွားများအနက် အသက်အကြီးဆုံးဖြစ်သော ဘွားအေးမေ(၁၀၆)နှစ်ဖြစ်ပြီး ဒုတိယအသက်အကြီးဆုံးဖြစ်သော ဘွားသာဖြူ(ခေါ်)ဒေါ်သုမေ္မစာရီ၏ (၁၀၁)နှစ် သက်ရောက်မွေးနေ့ မင်္ဂလာအခမ်းအနားကို ဩဂုတ် ၂၅ ရက် နံနက် ၉ နာရီက နှင်းဆီကုန်းဘိုးဘွားရိပ်သာ ဝင်းအတွင်းရှိ သုံးထပ်ဘိုးဘွားဆောင်ရှိ အလယ်ထပ် ဘုရားခန်းမဆောင်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ဆက်ကပ်

အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး အမှုဆောင်အဖွဲ့ဝင်များ၊ ဘိုးဘွားများ၊ ဝန်ထမ်းများက အဘွားအား ရှိခိုးကန်တော့ကြသည်။ ထို့နောက် ဗဟန်းမြို့နယ် သီရိစန္ဒာကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ ရခိုင်ပြည်နယ် မြောက်ဦးဘုရားသို့ ငွေကျပ် ၁၀၀၀၀၊ ကျောက်တော် မဟာမြတ်မုနိဘုရားသို့ ငွေကျပ် ၂၀၀၀၀၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ ငွေကျပ်၁၀၀၀၀၊ သီရိစန္ဒာကျောင်းတိုက်သို့ ငွေကျပ်၅၀၀၀ လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေသည်။

ရတနာသုံးပါးဆည်းကပ်

ဘွားသာဖြူမှာ ရခိုင်ပြည်နယ် မြောက်ဦးမြို့ဇာတိဖြစ်သည်။ နှင်းဆီကုန်းဘိုးဘွားရိပ်သာတွင် ရိပ်သာနေသက်တမ်း ၁၆နှစ်ရှိပြီး နေ့စဉ် ရတနာသုံးပါးဆည်းကပ်၍ ဥပုသ်ရက်ရှည် စောင့်ထိန်းလျက်ရှိသည်။ **(က–ပ)**

မြန်မာ့အလင်း
လှုပ်လှုပ်ရှားရှား မြန်မာ့အားကစား

ရန်ကုန် ဩဂုတ် ၂၇ ကိုထွေး - စုစည်းတင်ပြသည်

ထိုင်းနိုင်ငံ ဖိတ်ခေါ် ပိုက်ကျော်ခြင်းပြိုင်ပွဲ မြန်မာအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည်

ထိုင်းနိုင်ငံ၌ ဩဂုတ် ၂၉ရက်မှ စက်တင်ဘာ ၁ ရက်အထိ ကျင်းပမည့် ပက်ဆန်နယူလေ့ဒေသ ဖိတ်ခေါ် ပိုက်ကျော်ခြင်းပြိုင်ပွဲ၌ မြန်မာပိုက်ကျော်ခြင်းအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲတွင် အာဆီယံနိုင်ငံများနှင့် ဥရောပနိုင်ငံများမှ ပိုက်ကျော်ခြင်းအဖွဲ့များ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး၊ ပြိုင်ပွဲအမျိုးအစားအဖြစ် အမျိုးသားသုံးယောက်တွဲ (Regue) တစ်မျိုးတည်းသာ ကျင်းပမည်ဖြစ်သည်။

မြန်မာပိုက်ကျော်ခြင်းအဖွဲ့တွင် အုပ်ချုပ်သူအဖြစ် ဦးဉာဏ်ထွန်း၊ နည်းပြအဖြစ် ဦးသိန်းဌေး၊ အားကစားသမားများအဖြစ် ဇော်လတ်၊ အောင်မျိုးဆွေ၊ ထူးဝေလင်း(ခ)ထူးအောင်အောင်၊ ပိုင်မိုးဦးနှင့်ကျော်စိုးဝင်းတို့ ပါဝင်ကြသည်။

ကမ္ဘာ့ဝူရှူးတံခွန်စိုက် လက်ရည်စစ်ပြိုင်ပွဲ မြန်မာဝူရှူးအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်

တရုတ်နိုင်ငံ အောမိန်မြို့၌ ဩဂုတ် ၂၇ရက်မှ ၃၀ရက်အထိ ကျင်းပလျက်ရှိသည့် ကမ္ဘာ့ဝူရှူး တံခွန်စိုက် ပြိုင်ပွဲအကြို လက်ရည်စစ်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် ဝူရှူးအားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

မြန်မာဝူရှူးအဖွဲ့ဝင်တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဒေါက်တာ စိုင်းဆမ်ထွန်း (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်)၊ အုပ်ချုပ်သူအဖြစ် ဦးခွန်ဂျာအောင်(အတွင်းရေးမှူး)၊ နည်းပြများအဖြစ် Su Tong Yu (တရုတ်)၊ Dai Xiao Ping (တရုတ်)နှင့် ဦးခင်မောင်သိန်း(အမှုဆောင်)တို့က တာဝန်ယူ ဆောင်ရွက်ကြသည်။

ပါဝင်

အမျိုးသား အားကစားသမားများအဖြစ် ထောက်လုပွဲစဉ်အတွက် အောင်စည်သူ၊ မျိုးမင်းစိုး၊ စိုးဝင်းသိန်း၊ စိုးကျော်နှင့်သူရစိုး၊ ဆန်းဆိုပွဲစဉ်အတွက် မောင်မောင်သန်း၊ အောင်ဇော်မင်း၊ မျိုးကိုနှင့် ကျော်နိုင်ဦး၊ အမျိုးသမီး အားကစားသမားများ အဖြစ် ထောက်လုပွဲစဉ်အတွက် ဟန်နီကိုကို၊ ဆန်းဆို ပွဲစဉ်အတွက် ရာဇာခိုင်နှင့် စီစီစိန်တို့ ပါဝင်ကြသည်။

အာရှ(ယူ–၁၉)အမျိုးသမီးဘောလုံး ခြေစစ်ပြိုင်ပွဲ မြန်မာအမျိုးသမီး ဘောလုံးအသင်း ယှဉ်ပြိုင်မည်

ထိုင်းနိုင်ငံတွင် လာမည့်အောက်တိုဘာ ၃၁ရက်မှ နိုဝင်ဘာ ၁၂ရက်အထိ ကျင်းပမည့် ၂၀၀၈ခုနှစ် အာရှ အသက်(၁၉)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲစဉ်၌ အသက် (၁၉)နှစ်အောက် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

အဆိုပါ ခြေစစ်ပွဲစဉ်အတွက် အုပ်စုရေးဆွဲ ထုတ်ပြန်ထားရာ အုပ်စု(င)တွင် အိမ်ရှင်ထိုင်း၊ မြန်မာ၊ ဂျပန်၊ လာအို၊ မော်လဒိုက်နှင့် တရုတ်(တိုင်ပေ)တို့ ပါဝင်ကြသည်။

အောင်မြင်

အသက်(၁၉)နှစ်အောက် မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းသည် ၂၀၀၇ခုနှစ် အာရှ အသက် (၁၉)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲအတွက် ခြေစစ်ပွဲအောင်မြင်ထားသည်။

၂၀၀၇ခုနှစ် အာရှအသက်(၁၉)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲကို လာမည့် အောက်တိုဘာ ၅ရက်မှ စတင်၍ တရုတ်နိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။

၂၀၀၇ခုနှစ် အာရှ(ယူ–၁၉) အမျိုးသမီး ဘောလုံးပြိုင်ပွဲအတွက် အုပ်စုများရေးဆွဲထားရာ အုပ်စု(က)၌ ဩစတြေးလျ၊ ဂျပန်၊ မြောက်ကိုရီးယားနှင့်မြန်မာ၊ အုပ်စု(ခ)၌ တောင်ကိုရီးယား၊ တရုတ်၊ တရုတ်(တိုင်ပေ)နှင့် ထိုင်းတို့ ပါဝင်ကြသည်။

မြန်မာ(ယူ–၁၉) အမျိုးသမီးဘောလုံးအသင်းကို နည်းပြများအဖြစ် ဦးဝင်းမြင့်သွင် (မြို့တော်စည်ပင်) နှင့် ဦးအုန်းကြိုင်(စက်မှု–၁)တို့က တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။

အင်အားဖြည့်

၂၀၀၇ခုနှစ် အာရှ(ယူ–၁၉) အမျိုးသမီး ဘောလုံးပြိုင်ပွဲအတွက် အားကစားသမား ၂၆ဦးဖြင့် စခန်းဝင်လေ့ကျင့်လျက်ရှိသော မြန်မာ(ယူ–၁၉) အမျိုးသမီး ဘောလုံးအသင်းအနေဖြင့် ၂၀၀၈ခုနှစ် အာရှ(ယူ–၁၉) အမျိုးသမီး ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲစဉ်၌ ဝင်ရောက်ယှဉ်ပြိုင်သည့်အခါ အသက်ကျော်လွန်သွားသော ကစားသမားများ၏ နေရာ၌ အစားထိုးနိုင်ရန် ရည်ရွယ်၍ အား/ကာသိပ္ပံ(မန္တလေး) နှင့် အား/ကာသိပ္ပံ (ရန်ကုန်)တို့မှ အသက်(၁၉)နှစ်အောက် မျိုးဆက်သစ် အမျိုးသမီးဘောလုံးသမား ၁၅ဦးကို ထပ်မံရွေးချယ် အင်အားဖြည့်တင်းထားသည်။

တရုတ်နိုင်ငံ အောမိန်မြို့၌ ဩဂုတ် ၂၇ ရက်မှ ၃၀ ရက်အထိကျင်းပသည့် ကမ္ဘာ့ဝူရှူးတံခွန်စိုက်ပြိုင်ပွဲ အကြို လက်ရည်စစ်ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသော မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ စိုင်းဆမ်ထွန်း ခေါင်းဆောင်သည့် မြန်မာ့လက်ရွေးစင် ဝူရှူးအားကစားအဖွဲ့အား ရန်ကုန်မြို့မှ မထွက်ခွာမီ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (မြန်မာ့အလင်း)

အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ

သတ္တမအကြိမ် မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကို စက်တင်ဘာ ၂၅ရက်မှ ၂၉ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

ပြိုင်ပွဲအမျိုးအစားမှာ ခြောက်ပေါက်တန်းဖြစ်ပြီး ဝင်ရောက်ယှဉ်ပြိုင်လိုသော အသင်းများသည် စက်တင်ဘာ ၂၁ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်ရုံး အောင်ဆန်းအားကစားပြိုင်ဝင်းသို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်သည်။

ဒဂုံတက္ကသိုလ် သင်္ချာကျောင်းသားဟောင်းများ တွေ့ဆုံပွဲနှင့် အငြိမ်းစား ဆရာကြီးဆရာမကြီးများအား ဂါရဝပြုပူဇော်ပွဲ

ရန်ကုန် ဩဂုတ် ၂၇

ပြည်တွင်းပြည်ပ သာသနာပြု အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အလိုတော်ပြည့်ဆရာတော်ကြီး၏ဩဝါဒကိုခံယူ၍ ဒဂုံတက္ကသိုလ် သင်္ချာကျောင်းသားဟောင်းများက ပုဂံရေးဟောင်းသမိုင်းဝင်ဘုရား အမှတ်(၉၈၀–ဃ) ပညာသိပ္ပမဓမ္မရုံသီစေတီတော်မြတ် ဗုဒ္ဓပူဇနိယ ပွဲကျင်းပရန် အလှူငွေပေးအပ်ပွဲ၊ ဒဂုံတက္ကသိုလ်တွင် တာဝန် ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားဆရာကြီး ဆရာမကြီးများနှင့် ပုဂံရေးဟောင်းဘုရားကို သင်္ချာမိသားစုက ပြုပြင်၍ ရွှေထီးတော်တင်လှူခြင်းတို့တွင် ဦးဆောင်ခဲ့ကြသော ဆရာကြီးများအား ဂါရဝပြုပူဇော်ပွဲကို နိုဝင်ဘာ ၄ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ရန်ကင်း စားတော်ဆက်မင်္ဂလာခန်းမဆောင်ကြီး၌ ကျင်းပရန် စီစဉ်ထားရာ အငြိမ်းစားပါမောက္ခချုပ်များ ဖြစ်ကြသော ဦးစိန်လင်း၊ ဒေါက်တာမောင်သင်း၊ ဦးကျော်မြင့်ဦး၊ အငြိမ်းစား ဒုတိယပါမောက္ခချုပ်များ ဖြစ်ကြသော ဦးစိန်ဝင်း၊ ဦးတင်လတ်၊ အငြိမ်းစား သင်္ချာ ပါမောက္ခကြီးများ ဖြစ်ကြသော ဦးကြင်ကို၊ ဦးကျော်ညွန့်၊ ဦးကျော်နိုင်၊ ဒေါ်ခင်ခင်မြင့်၊ ဦးကျော်သိန်း၊ ဒေါ်နုနု၊ ဦးကျော်ဝင်း၊ အငြိမ်းစား ဌာနမှူးများဖြစ်ကြသော ဦးစောစံထွေး၊ ဦးဇော်လွင်တို့နှင့် ဆရာကြီးဆရာမကြီးများအား ဂါရဝပြု ပူဇော်ကြမည်ဖြစ်ပြီး သင်္ချာကျောင်းသားဟောင်းများ တွေ့ဆုံပွဲ အခမ်းအနားပါ ဆက်လက်ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်နိုင်

တွေ့ဆုံပွဲ လက်မှတ်ရယူရန်နှင့် အလှူငွေ ထည့်ဝင်လိုသူများ အနေဖြင့် ကိုမင်းနိုင် ဖုန်း–၀၉–၅၁–၂၄၉၃၀ (ကြယ်စင်ပွင့်၊ ယုဇနပလာဇာ) မနွဲ့နွဲ့ဝင်း(ခ)နွဲ့တာ ဖုန်း–၅၈၀၄၅၃၊ မစန်းစန်းအေး ဖုန်း–၅၈၀၀၈၇၊ မစန္ဒာဝင်း ဖုန်း–၅၄၄၈၉၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

မှတ်သားဖွယ်ရာ မိုးရေချိန်

၂၇-၈-၂၀၀၇

ရန်ကုန် (မင်္ဂလာဒုံ)	၃ ဒသမ ၂၃ လက်မ
စစ်တွေ	၂ ဒသမ ၅၆ လက်မ
မော်လိုက်	၂ ဒသမ ၀၉ လက်မ
ဟားခါး	၁ ဒသမ ၈၉ လက်မ
နမ့်စန်	၁ ဒသမ ၆၅ လက်မ

အိန္ဒိယနိုင်ငံနှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အနုပညာရှင်များ တေးဂီတဖြင့် သီဆိုကပြဖျော်ဖြေ

ရန်ကုန် ဩဂုတ် ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးက စီစဉ်ဆောင်ရွက်မှုဖြင့် အိန္ဒိယသမ္မတနိုင်ငံ၏ နှစ်(၆၀)ပြည့်လွတ်လပ်ရေးနေ့ နှစ်ပတ်လည်အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ–အိန္ဒိယယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေးအစီအစဉ်အရ အိန္ဒိယသမ္မတနိုင်ငံ Ms. Penaz Masani ဦးဆောင်သော ယဉ်ကျေးမှုတေးဂီတအဖွဲ့၏ အနုပညာကပွဲကို ယနေ့ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

ကြည့်ရှုအားပေး

အဆိုပါအနုပညာကပွဲသို့ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)ပါမောက္ခချုပ် ဦးတင်စိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E Mr. Bhaskar Kumanr Mitra နှင့် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ သံရုံးများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အစီအစဉ်အရ ရှေးဦးစွာ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဦးတင်စိုးနှင့်ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr. Bhaskar Kumar Mitra တို့က စင်မြင့်ပေါ်ရှိ အထိမ်းအမှတ်ဆီမီးတိုင်ကို မီးထွန်းညှိပေးကြသည်။

ဖျော်ဖြေတင်ဆက်

ထို့နောက် အိန္ဒိယ သမ္မတနိုင်ငံမှ အနုပညာရှင် Ms. Penaz Masani ဦးဆောင်သောအဖွဲ့က အိန္ဒိယသမ္မတနိုင်ငံ၏ အကျော်ကြားဆုံး ဂန္ဓဝင်တေးဂီတများနှင့် တွဲဖက်ပြီး တက်ရောက်လာကြသူများအား ကပြဖျော်ဖြေတင်ဆက်ကြသည်။ **(သတင်းစဉ်)**

ထိုင်းနိုင်ငံ ပြည်သူ့ဆက်ဆံရေးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့ နှစ်နိုင်ငံပြန်ကြားရေး အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

ရန်ကုန် ဩဂုတ် ၂၇

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်တို့အား ထိုင်းနိုင်ငံ ပြည်သူ့ဆက်ဆံရေးဌာန (PRD)မှ ညွှန်ကြားရေးမှူးချုပ် Mr. Pramoj Rathavinij ခေါင်းဆောင်သည့် အဖွဲ့ဝင်၁၀ဦးတို့ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ ပြန်ကြားရေးဆိုင်ရာ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။

ကြည့်ရှုလေ့လာ

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ထိုင်းနိုင်ငံ ပြည်သူ့ဆက်ဆံရေးဌာန ဧည့်သည်အဖွဲ့ဝင်များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ အသံလွှင့်နှင့် ရုပ်မြင်သံကြားစတူဒီယိုများကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။ **(သတင်းစဉ်)**

ကြည့်ရှုလေ့လာ

ထိုင်းနိုင်ငံ ပြည်သူ့ဆက်ဆံရေးဌာန (PRD)မှ ညွှန်ကြားရေးမှူးချုပ် Mr. Pramoj Rathavinij နှင့် အဖွဲ့ဝင်များ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယိုတွင် ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၈–၈–၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄း၁၅	၄။	အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၀၀	၇။	ပညာခေတ်
၅း၄၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၂။	လျှပ်တစ်ပြက်
၆း၄၀	၁၃။	ဝတ်စားဆင်ယင်လှစေချင်
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ** (အပိုင်း–၁၅)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	မွေးမြူသုတ
	၁၉။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သေကံမရောက်** (အပိုင်း–၁၉)

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

* **ကွန်ဂိုသမ္မတနိုင်ငံတွင် ဩဂုတ်၂၆ရက်က လေယာဉ်ငယ်တစ်စင်း ပျက်ကျခဲ့ရာ ၁၃ဦး သေဆုံးသွားကြောင်း၊ အဆိုပါလေယာဉ်မှာ အင်ဂျင်ချွတ်ယွင်းမှုကြောင့်ဖြစ်ပြီး ကွန်ဂိုလိုမြို့ ဝေဟင်၌ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။**
* *မက္ကဆီကိုနိုင်ငံတွင် အပူလှိုင်းကျရောက်မှုကြောင့် ဩဂုတ်၂၆ရက်အထိ ၁၁ဦး သေဆုံးသွားကြောင်း၊ အပူလှိုင်းကျရောက်မှုအဆိုးရွားဆုံး ခံစားရသောနေရာမှာ မက္ကဆီကိုနိုင်ငံ မြောက်ပိုင်းဒေသများ၌ဖြစ်ပြီး အပူချိန်၄၆ ဒီဂရီဆဲလ်စီးရပ်စ်အထိ ရှိခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။*
* **ကနေဒါနိုင်ငံ ဗန်ကူဗာလေဆိပ်မှခရီးသည်၁၄၀ကို တင်ဆောင်ထားသော တရုတ်လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းသည် ဩဂုတ်၂၆ရက်က တရုတ်နိုင်ငံ ပေကျင်းမြို့သွားရန် လေဆိပ်မှ မတက်မီ လမ်းချော်မှု ဖြစ်ပွားရာ ခရီးသည်များကို အရေးပေါ်ရွှေ့ပြောင်းပေးခဲ့ရကြောင်း လေဆိပ်မှအရာရှိများက ပြောကြားသည်။**
* *အင်ဒိုနီးရှားနိုင်ငံ ပါပူရာပြည်နယ်တွင် ဩဂုတ်၂၆ရက်က အရည်အသွေးစစ်ဆေးထားခြင်းမရှိသော အရက်များကို သောက်သုံးခဲ့ကြသူ လူ၁၃ဦး သေဆုံးသွားကြောင်း အင်ဒိုနီးရှား အရာရှိများကပြောကြားသည်။*
* **ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မိုးသည်းထန်ပြီး ရေလွှမ်းမှုများဖြစ်ပွားခဲ့ရာ ဩဂုတ်၂၆ရက်အထိ သေဆုံးသူ အရေအတွက်မှာ ၇၀၂ဦးရှိသွားပြီဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် သတင်းဌာန ယူအင်န်ဘီက သတင်းထုတ်ပြန်သည်။**
* *အက်ဖ်ဘီအိုင်အဖွဲ့၏ အကြမ်းဖက်မှု စုံစမ်းစစ်ဆေးရေးကိစ္စများ ပရမ်းပတာဖြစ်မှုနှင့် ပတ်သက်ပြီး အမေရိကန်ပြည်ထောင်စုရှေ့နေချုပ် အလ်ဘာတိုဂွန်ဇာလက်စ်သည် ဩဂုတ်၂၇ရက်က ရာထူးမှနုတ်ထွက်သွားပြီဖြစ်ကြောင်း အမေရိကန်အရာရှိများက ထုတ်ဖော်ပြောကြားသည်။*
* **အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တောင်ဘက် ၉၅မိုင်အကွာ သဲကန္တာရတွင် လွန်ခဲ့သည့်နှစ်သန်းပေါင်းများစွာက ဝေလငါးတစ်ကောင်၏ ကျောက်ဖြစ်ရုပ်ကြွင်းအရိုးစုကို ပြသထားသည့် ကန့်သတ်နယ်မြေအတွင်း အီးယူသံတမန်များက ဩဂုတ်၂၆ရက်က မော်တော်ယာဉ်ဖြင့် ဖြတ်သန်းမောင်းနှင်မှုကြောင့် အဆိုပါဝေလငါးကျောက်ဖြစ်ရုပ်ကြွင်း ပျက်စီးသွားရာ တန်ဖိုးမဖြတ်နိုင်သော ပျက်စီးဆုံးရှုံးမှုပင်ဖြစ်ကြောင်း အီဂျစ်မီဒီယာများကဖော်ပြသည်။**
* *အာရပ်စော်ဘွားများ ပြည်ထောင်စု(ယူအေအီး)နိုင်ငံ ဂျီဘီလီလေဆိပ်၌ ဩဂုတ်၂၇ရက် နံနက်က ကုန်သိုလှောင်ရုံတစ်ခု မီးလောင်မှုဖြစ်ပွားရာ လေဆိပ်ကို နာရီအတန်ကြာပိတ်ထားခဲ့ရကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။*

(အင်တာနက်)

အဆင့်မြင့်အိမ်တွင်းမှုသင်တန်းများဖွင့်လှစ် ညွှန်ကြားရေးမှူးချုပ် အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၂၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်သည် ယမန်နေ့နံနက် ၈နာရီတွင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ် (၅၀)ရပ်ကွက်၊ မြဝတီမင်းကြီးလမ်းရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသော အဆင့်မြင့်အိမ်တွင်းမှု သင်တန်း အမှတ်စဉ်(၁၆)၊ အိမ်တွင်းမှုလက်မှုလုပ်ငန်း (ကြိမ်၊ ဝါး) သင်တန်းအမှတ်စဉ်(၄)၊ စာရေး ဝန်ထမ်းသင်တန်း အမှတ်စဉ်(၄၈၊၄၉၊၅၀) သင်တန်းများဖွင့်ပွဲသို့ တက်ရောက်၍ သင်တန်းအဖွင့်အမှာစကားပြောကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်သည် အဆင့်မြင့်အိမ်တွင်းမှု သင်တန်းသူများ၏ စက်ချုပ်ဘာသာရပ်လက်တွေ့ချုပ်လုပ်နေမှုများ၊ အိမ်တွင်းမှု လက်မှုလုပ်ငန်း (ကြိမ်၊ ဝါး)သင်တန်းသူများ၏ ကြိမ်ဘာသာရပ်လက်တွေ့ သင်ယူမှုများ၊ ဝါးဘာသာရပ်လက်တွေ့ သင်ယူမှုများကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းသူများ၏ အိပ်ဆောင်၊ စာသင်ဆောင်၊ စားရိပ်သာတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

တက်ရောက်

ယနေ့ဖွင့်လှစ်သည့် သင်တန်းများဖြစ်သော အဆင့်မြင့်အိမ်တွင်းမှု သင်တန်းအမှတ်စဉ် (၁၆)တွင် သင်တန်းသူ ၁၅ဦး၊ အိမ်တွင်းမှုလက်မှုလုပ်ငန်း (ကြိမ်၊ဝါး) သင်တန်းအမှတ် စဉ်(၄) တွင် သင်တန်းသူ၃၀၊ စာရေးဝန်ထမ်း သင်တန်း အမှတ်စဉ် (၄၈၊၄၉၊၅၀) တို့တွင် သင်တန်းသူ ၁၅၀ စုစုပေါင်း သင်တန်းသူ ၁၉၅ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ပတ် ကြာမြင့်မည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း **အင်တာနက် ဖောင်ဖိတ်သတင်း**

ယူဂန္ဓာ၌ ယာဉ်တိမ်းမှောက်၊ ၇၀ ကျော်သေဆုံး

ကမ်ပါလာ ဩဂုတ် ၂၇

ယူဂန္ဓာနိုင်ငံ အရှေ့ပိုင်း တောင်ပေါ်ဒေသတွင် ဩဂုတ်၂၇ရက်က ကားတစ်စီးတိမ်းမှောက်ခဲ့ရာ တပ်ဖွဲ့ဝင် ၅၇ဦး အပါအဝင် ၇၀ ကျော် သေဆုံးခဲ့ကြောင်း၊ ၃၁ဦးမှာ ဒဏ်ရာပြင်းထန်သောကြောင့် ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

အဆိုးရွားဆုံးဖြစ်

တပ်ဖွဲ့ဝင်များနှင့် မိသားစုများသည် ကင်ညာနယ်စပ်ရှိ အခြေစိုက်စခန်းသို့ ပြောင်းရွှေ့ရာမှ ၎င်းတို့စီးလာသော ကားက အုတ်တံတိုင်းနှင့် တိုက်မိခဲ့ကြောင်း၊ ၎င်းမှာ ယူဂန္ဓာနိုင်ငံ၏ အဆိုးရွားဆုံး ယာဉ်တိမ်းမှောက်မှုဖြစ်ကြောင်း သတင်း၌ ဆက်လက်ဖော်ပြသည်။ (အင်တာနက်)

ပြည်ပအလုပ်အကိုင်ကြော်ငြာ

အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသော **Shwe Pyi Nyein International Co.,Ltd.**၏ စီစဉ်ဆောင်ရွက်မှုဖြင့် စင်ကာပူနိုင်ငံတွင် **ဂဟေဆက် (3G, 4G, 6G)၊ ပိုက်ဆက်နှင့် လျှပ်စစ်လုပ်သား** အဖြစ် တာဝန်ထမ်းဆောင်ရန် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသော မြန်မာနိုင်ငံသား(အမျိုးသား)များ အလိုရှိသည်။ အလုပ်ရှင်ကိုယ်တိုင် လာရောက်ရွေးချယ်ခေါ်ယူမည်။

- ❒ လုပ်သားဦးရေ – **(၁၀၀) ဦး**
- ❒ အသက် – **(၃၅)နှစ်အထက် မကျော်ရ။**
- ❒ ပညာအရည်အချင်း
  - ဂဟေဆက်နှင့် ပိုက်ဆက်လုပ်သား – **အလယ်တန်းအဆင့်**
  - လျှပ်စစ်လုပ်သား – **အထက်တန်းအဆင့်**
- ❒ အခြေခံလစာ – **တစ်ရက်လျှင် S$(20)+O.T**
- ❒ နေထိုင်ရေးနှင့် အစားအသောက် – **နေထိုင်ရေးစီစဉ်ပေးမည်။ မိမိအစီအစဉ်ဖြင့် စားသောက်ရမည်။ စားစရိတ်တစ်လလျှင် S$(60) ကုမ္ပဏီမှ ကျခံပေးမည်။**
- ❒ စာချုပ်သက်တမ်း – **(၂)နှစ်**
- ❒ ဝန်ဆောင်ခ – **S$ 2000 နှင့် ညီမျှသော မြန်မာငွေကျပ်နှင့် အသွားလေယာဉ်လက်မှတ်**

(မတတ်ကျွမ်းသူများအား ရွှေပြည်ငြိမ်းသင်တန်းကျောင်းတွင် သင်တန်းပေးမည်)

ရွှေပြည်ငြိမ်း အပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက်
အမှတ်(၁၃၀) ပထမထပ်၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
အထက(၄)တာမွေနှင့်မျက်နှာချင်းဆိုင် ဖုန်း – ၅၄၄၄၂၄၊ ၅၅၉၂၈၈၊ ၇၀၆၂၈၂

ဟက်ပီးဝါး မှ စီစဉ်ကျင်းပသော
မိုးရာသီအထူးဈေးရောင်းပွဲတော်
(၁-၉-၂၀၀၇ မှ ၅-၉-၂၀၀၇ အထိ)
ဆိုင်ခန်းရောင်းချလိုသူများ ဆက်သွယ်စုံစမ်းနိုင်ပါပြီ။
ဆက်သွယ်ရန် – ဟက်ပီးဝါးအမှတ်–၂၊ သီရိမင်္ဂလာဈေး၊ ဒုတိယထပ်၊ ကြည့်မြင်တိုင်။
☎ 212678,508408,099972959

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ မှော်ဘီမြို့နယ်၊ မြောင်းတကာကျေးရွာနှင့် ပုသိမ်ခရိုင်၊ ကန်ကြီးဒေါင့်မြို့နယ်တို့တွင် ယူရီးယားဓာတ်မြေဩဇာ စက်ရုံတစ်ရုံစီ တည်ဆောက်ရေးအတွက် Piling လုပ်ငန်းများအား ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ တင်ဒါပိတ်ရက် – ၁၂-၉-၂၀၀၇

၃။ တင်ဒါပုံစံများကို ၂၉-၈-၂၀၀၇ရက်မှစ၍ ရုံးချိန်အတွင်း ရုံးအမှတ်(၄၄)၊ ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းနံပါတ် ၀၆၇-၄၁၁၁၀၈၊ ၀၆၇-၄၁၁၁၉၃ ထံသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ တင်ဒါပုံစံ တရားဝင်ဝယ်ယူသူများထံမှ တင်ဒါကိုသာ လက်ခံပါမည်။

မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း။

ဖခင်အမည်မှန်

ရန်ကင်းမြို့နယ် (အထက–၂) တက္ကသိုလ်ဝင်တန်း(D)မှ မောင်ဟိန်းထက်အောင်နှင့် Grade VII (C) မှ မောင်မင်းနိုင်ထက်အောင်တို့၏ ဖခင်အမည်မှန်မှာ ဦးစန်းလှိုင် ၁၀/ခဆန(နိုင်)၀၅၉၂၈၄ ဖြစ်ပါကြောင်း။

အဲယားကွန်း

အဟောင်းအပျက်များ ဈေးကောင်းပေးဝယ်သည်။
ဖုန်း–၀၉-၈၀-၂၂၇၈၀။

ပြင်ဆင်ဖတ်ရှုပါရန်

၂၅-၈-၂၀၀၇ရက် ဤသတင်းစာ စာ–၁၇တွင်ပါရှိသော အင်းလျားကန်ပေါင် ဆိုင်ခန်းငှား ချိပ်ပိတ်တင်ဒါတွင် တင်ဒါပိတ်ရက်အား ၃၀-၈-၂၀၀၇ရက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ချစ်သမီးကြီး **ဆုဝေလွင်** (Director, Steel Stone Co., Ltd.)၏ ၂၇-၈-၂၀၀၇ရက်တွင်ကျရောက်သော မွေးနေ့မင်္ဂလာရက်မြတ်မှသည် အသက်(၁၀၀)ကျော်တိုင် ချစ်သောမိသားစုနှင့် ပျော်ရွှင်ချမ်းမြေ့စွာလက်တွဲ၍ ထူးချွန်ထက်မြက်ပြီး စွမ်းဆောင်ရည်မြင့်မားသော သမီးအလိမ္မာအဖြစ် ဘဝခရီးကို လျှောက်လှမ်းနိုင်ပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

ချစ်သော–ဖေဖေ၊ မေမေ၊ မောင်လေးနှင့်ညီမလေးများ။

မျိုးဆက်သစ်အင်ဂျင်နီယာများ စက်မှုဇုန်များလေ့လာကြမည်

ရန်ကုန် ဩဂုတ် ၂၇

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းကကြီးမှူး၍ မျိုးဆက်သစ်အင်ဂျင်နီယာများ လုပ်ငန်းခွင်အတွေ့အကြုံကောင်းများ ရရှိစေရန် ရွှေပြည်သာစက်မှုဇုန်၊သာခုကန်စက်မှုဇုန်များသို့ စက်တင်ဘာ ၁ရက်တွင် သွားရောက်လေ့လာမည်ဖြစ်ရာ လိုက်ပါလိုသူ မျိုးဆက်သစ်အင်ဂျင်နီယာများသည် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း မျိုးဆက်သစ်အင်ဂျင်နီယာအဖွဲ့ ပြန်ကြားရေးတာဝန်ခံ ဒေါ်သန္တာခိုင်(ဖုန်း–၅၁၉၆၇၃၊ ၅၁၉၆၇၄၊ ၅၁၉၆၇၅၊ ၅၁၉၆၇၆) လိုင်းခွဲ ၁၀၂၊ ဦးအောင်သက်ပိုင်(ဖုန်း–၆၅၂၂၃၄၊ ၆၅၂၂၃၅)တို့သို့ ဩဂုတ် ၃၀ရက်နောက်ဆုံးထား စာရင်းပေးသွင်း ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က–ပ)

KMD Computer Centre (လှည်းတန်း)
:: i-Office :: Graphics Design :: Desktop Publishing
:: Email & Web Design :: Practical A+ :: Basic Software Engineering
:: Advanced Software Engineering :: LCCI Computerised Accounting
အခြေခံမှစ၍ နိုင်ငံတကာအဆင့်ထိ ကွန်ပျူတာပညာရပ်များ သင်ကြားတတ်မြောက်လိုလျှင် KMD နှင့်ဆက်သွယ်ပါ။
ကွန်ပျူတာသင်တန်းများသင်တန်းအပ် လက်ခံနေပါပြီ။
KMD (လှည်းတန်း-၁) အခန်း ၃၀၊ ပထမထပ်၊ တိုက် ၁၊ စီမံကိန်းအိမ်ရာ (၁)၊ အင်းစိန်လမ်း၊ လှည်းတန်း၊ ကမာရွတ်၊ ဖုန်း - ၅၂၄၄၀၀/ ၅၀၅၃၉၉ KMD (လှည်းတန်း-၂) ၁၅(ခ) စတုတ္ထထပ်၊ အင်းစိန်လမ်းနှင့် ဦးထွန်းလင်းခြံလမ်းထောင့်၊ လှည်းတန်း၊ ကမာရွတ်၊ ဖုန်း - ၅၀၂၂၁၁

သင့်သွေးဖြင့် အသက်ကယ်ပါ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၈-၂၀၀၇
(အင်္ဂါနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	"မေတ္တာတရား" တရားတော် (သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ)
၇း၅၀	တေးဂီတအစီအစဉ်
၇း၅၅	မြတ်ဗုဒ္ဓ၏ မဟာဗုဒ္ဓဝင်
၈း၁၅	Sunday Talk
၉း၀၅	တေးဂီတအစီအစဉ်
၉း၁၀	ဘုန်းတော်ထင်ရှား ရှင်တော်မဟာမုနိဘုရား
၉း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၅	တိမ်တောင်ရစ်ဝေဆိုင်း ကြည်နူးပီတိလှိုင်း လှူမြဲဝါဆိုတိုင်း
၉း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀	သာသနာအတွက် လျှောက်လှမ်းရသောလမ်းခရီးဝယ် (ဒေါက်တာချစ်ငယ်၊ ဒဿန၊ Ph.D)
၁၀း၁၅	မိုးလေဝသခန့်မှန်းချက်
၁၀း၂၀	စားဖွယ်စုံလင် ဒေသအစားအစာ အစီအစဉ် (ရှမ်းတို့ဟူးနွေး၊ ရှမ်းခေါက်ဆွဲနှင့် ရှမ်းထမင်းချဉ် ပြုလုပ်ချက်ပြုတ်ပုံ)
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၅	ရတနာကိုးသွယ်စီကာသခြယ်
၁၁း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၀	Music Gallery (စိုင်းထီးဆိုင် ပါရမီရှင် VCD Karaoke)
၁၁း၅၀	ရော်ဘာစိုက်ပျိုး ပြည်အကျိုး ဆတိုးဆောင်ရွက် စီးပွားတက်
၁၂း၀၀	တေးဂီတအစီအစဉ်
၁၂း၀၅	ကျောင်းသားလူငယ်နှင့် ကျန်းမာရေး (ဒေါက်တာ ခင်မောင်လွင်၊ ဒေါက်တာ အောင်ထွဏ်း)
၁၂း၃၅	တေးဂီတအစီအစဉ်
၁၂း၄၀	အောင်မြင်ပျော်ရွှင်ဇနီးမောင်နှံဘဝတွင် (ကျော်ရဲအောင်၊ မစုမွန်နှင်းတို့နှင့် တွေ့ဆုံခြင်း)
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိတစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊နံနက်၁နာရီမှ နံနက်၇ နာရီအထိတစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မဟာဒွါရဂိုဏ်းဝင်ဆရာတော်ကြီးများအားပူဇော်

ရန်ကုန် ဩဂုတ် ၂၇

နှစ်စဉ်ကျင်းပမြဲဖြစ်သော မဟာဒွါရဂိုဏ်းဝင် သက်တော်ရှည် ဆရာတော်ကြီးများ ဝါဦးပူဇော်ကန်တော့ပွဲနှင့် ဩဝါဒခံယူပွဲကို ဩဂုတ် ၁၂ရက် မွန်းလွဲ၂နာရီက ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ကျောက်ကုန်းမဟာဗောဓိလမ်း မဟာဓမ္မိကာရုံ ပရိယတ္တိစာသင်တိုက် (ကျိုက်ပိကျောင်း)အတွင်း မဟာဝိဇယကာရီ ဗိမာန်တော်ကြီး၌ ကျင်းပသည်။

(အပေါ်ပုံ)

ပူဇော်ကန်တော့

ရှေးဦးစွာ သက်တော်ရှည် ဆရာတော်ကြီးသုံးပါးအား မဟာဒွါရဂိုဏ်းဝင် သံဃာတော်များနှင့် တပည့်ဒါယကာ ဒါယိကာမများက လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်ပူဇော်ကန်တော့ကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတနှင့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အစိုးရဓမ္မာစရိယ ပါဠိပါရဂူ၊ ရန်ကုန်တိုင်း မဟာဒွါရဂိုဏ်း အနုနာယက ဆရာတော် သိရီဘဒ္ဒန္တဂုဏောသနက ဆရာတော်ကြီးများကိုယ်စား ဩဝါဒပေး၍ ပရိတ်တရားတော် ရွတ်ဖတ်မေတ္တာပို့သကြောင်း သိရသည်။

(က–ပ)

The Commerce Journal အတွဲ(၇)၊ အမှတ်(၂၅)ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၇

The Commerce Journal အတွဲ(၇)၊ အမှတ်(၂၅)ကို ဖြန့်ချိထားသည်။

အဆိုပါဂျာနယ်တွင် သွေးလွန်တုပ်ကွေး တစ်နှစ်လုံး ကလေးသာမက လူကြီးများပါဖြစ်နိုင်၊ မလေးရှားကို ကုန်ကျစရိတ် ၁၂သိန်းနဲ့ သွားအလုပ်လုပ်နိုင်၊ အိမ်ပေါင်/မြေပေါင် ပြိုကျ၊ အဝေးပြေးယာဉ်စီးခ ပြင်ဆင်သတ်မှတ်၊ မြန်မာ့သရေစာ စင်ကာပူသို့တင်ပို့၊ ဈေးကွက်စီးပွားရေးနှင့် အများပိုင် ကုမ္ပဏီများကဏ္ဍ၊ ပြည်ပတင်ပို့မည့် မြန်မာ့ထောပတ်သီး၊ ကော့သောင်း၊ စစ်တွေနှင့် မြိတ်နယ်စပ်စခန်းများက အများဆုံးတင်ပို့ခဲ့ရသည့် ကုန်ပစ္စည်းများ၊ ပဲတီစိမ်းဈေးနှုန်း၊ တရုတ်နယ်စပ်တွင် တက်ရိပ်ရှိ၊ နယ်စပ်ဒေသများတွင် လိမ္မော်၊ ဒူးရင်းသီးတင်သွင်းခွင့်ပြု၊ ငွေကြေးခန့်မှန်းသည့်စနစ် မြန်ဆန်လာ၊ တရုတ်ပြည်၏ စရိုက်လက္ခဏာသစ်၊ ယွမ်–ဒေါ်လာအားစမ်းပွဲ၊ ရန်ကုန်မြို့လယ်အိမ်ခြံမြေဈေးကွက်၊ အမေရိကန်တွေ ဘောလုံးစိတ်ဝင်စားအောင် ဘက်ခမ်းလဲမစွမ်းနိုင်၊ မျက်မမြင် ဂေါက်သီးမယ် တစ်ချက်တည်းကျင်းဝင်၊ လူကြိုက်များလာတဲ့ ပုလဲရတနာ၊ ရှူးဖိနပ်ထုတ်လုပ်သူများ Nike သို့ လျော်ကြေးပေးရ စသည့် သတင်းများနှင့်အတူ မောင်စူးစမ်း၊ အောင်သင်း၊ ဦးဟန်ထွန်း(အခွန်)၊ ဟံသာထွန်း၊ မောင်ပုဆိုးကြမ်း၊ စံ–ဇာဏီဘိုတို့၏ ဆောင်းပါးများ၊ ပို့ကုန်/သွင်းကုန် ခွင့်ပြုသည့် ကုန်ပစ္စည်းဈေးနှုန်းများ၊ နယ်စပ်ကုန်သွယ်ရေးသတင်းများ၊ ရန်ကုန်မြို့၏ ကုန်ဈေးနှုန်းသတင်းများကို ဝေဝေဆာဆာနှင့် ထုတ်ဝေဖြန့်ချိထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သွေးဆေးကန်ဆရာတော် ဖြည်ပသို့သာသနာပြု ကြွရောက်

ရန်ကုန် ဩဂုတ် ၂၇

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်ကမ္မဋ္ဌာနာစရိယ သွေးဆေးကန်ဆရာတော် ဘဒ္ဒန္တတေဇိန္ဒ(B.Sc Phy) သည် ပြည်ပနိုင်ငံဖြစ်သည့် အင်္ဂလန်နိုင်ငံသို့ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားတော်မူရန် လေကြောင်းခရီးဖြင့် ကြွရောက်တော်မူကြောင်း သိရသည်။ **(က–ပ)**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

တစ်ချက်တည်းကျင်းဝင်

နေပြည်တော် ဩဂုတ် ၂၇

ဦးမြင့်အောင်(ငါးသလောက်)သည် ဩဂုတ်၂၆ရက်တွင် နေပြည်တော်ရှိ အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၊ ရေအားပေါင်းလောင်း ဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၂)ကို ၁၃၆ကိုက်အကွာမှ Reygrande(3) ဘောလုံးကို Honma Three Star Iron-9 တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့သည်။

ထိုအချိန်၌ကစားဖော်များဖြစ်ကြသော ဦးလဖိုင်ခွန်ဆာ၊ ဦးမောင်မောင်မြင့်(KM)နှင့်ဦးအားတန်တို့နှင့်အတူ ကစားလျက်ရှိသည်။ **(သတင်းစဉ်)**

NLD ၏လုပ်ရပ်များကို စိတ်ဝင်စားမှုမရှိ ပါတီဝင်အဖြစ်ဆက်လက်ရပ်တည်လိုစိတ်မရှိသဖြင့် ရမည်းသင်းမြို့နယ်မှပါတီဝင်တစ်ဦးနုတ်ထွက်

ရန်ကုန် ဩဂုတ် ၂၇

မန္တလေးတိုင်း ရမည်းသင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ဦးခင်မောင်လေးသည် ဩဂုတ် ၂၀ရက်တွင် ၎င်း၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှနုတ်ထွက်ကြောင်း နုတ်ထွက်စာ ရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့သည်။

ရမည်းသင်းမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီ၏လုပ်ရပ်များကို စိတ်ဝင်စားမှုမရှိ၊ ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုစိတ်မရှိတော့သဖြင့် ၎င်း၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

တောင်ကိုရီးယား ရုပ်ရှင်သရုပ်ဆောင်တို့၏ အနုပညာရုပ်ပုံလွှာ

စုစည်းတင်ပြသူ – မောင်မောင်မြင့်ဆွေ

ဂျွန်စော

ဂျပန် သို့ ခရီး ထွက်ဦး မည့် ဂျွန်စော။
(ဓာတ်ပုံ–အင်တာနက်)

မြန်မာ ပရိသတ်များသာမက ကမ္ဘာ့ ပရိသတ်များပါ သဲသဲလှုပ် နှစ်ခြိုက် အားပေးနေကြသည့် တောင်ကိုရီးယားရုပ်ရှင် အနုပညာရှင်များ၏ လှုပ်ရှားမှုအကြောင်း တစေ့တစောင်းကို မြန်မာ့အလင်း ပရိသတ်ကြီးအတွက် စုစည်းဖော်ပြလိုက်ပါသည်။

ဇာတ်လမ်းတွဲ

တောင်ကိုရီးယား ရုပ်ရှင် သရုပ်ဆောင် ဆွန်ဆောင်ဟွန်း (ဂျွန်စော) ပါဝင် သရုပ်ဆောင်ထားသည့် “Destiny” ရုပ်ရှင်ဇာတ်လမ်းတွဲကို ဂျပန်နိုင်ငံ ဖော်မြူလာ ရုပ်ရှင်လုပ်ငန်းသို့ အမေရိကန်ဒေါ်လာ နှစ်သန်းဖြင့် ဩဂုတ် ၂၄ရက်က ရောင်းချလိုက်ပြီ ဖြစ်သည်။

ဂျွန်စောကို ဂျပန် ပရိသတ်များက အထူးနှစ်ခြိုက်အားပေးကြသည်ဖြစ်ရာ ဂျွန်စော ပါဝင်သရုပ်ဆောင်ထားသော ရုပ်ရှင်ဇာတ်ကားများကို အကြိမ်ကြိမ် ကြည့်ရှုလေ့ရှိကြကြောင်း၊ ဂျွန်စောပါဝင်သော ရုပ်ရှင်ဇာတ်ကားများကို ရုပ်မြင်သံကြား လိုင်းများမှ ပြသသည့်အခါ မလွတ်တမ်း အားပေးတတ်ကြကြောင်း သိရသည်။

သွားရောက်မည်

ဂျပန်ပရိသတ်များ၏ တောင်းဆိုမှုအရ ဂျွန်စော ဂျပန်နိုင်ငံသို့ လာရောက် လည်ပတ်ရန်နှင့် ပရိသတ်များနှင့် တွေ့ဆုံရန် ဖော်မြူလာ ရုပ်ရှင်လုပ်ငန်းမှ စီစဉ်ပေးမည်ဖြစ်ရာ ယခု ဩဂုတ်လကုန်၍ ဂျွန်စော ဂျပန်နိုင်ငံသို့ သွားရောက်မည် ဖြစ်သည်။

ထို့အတူ တောင်ကိုရီးယား အမျိုးသမီး သရုပ်ဆောင်တစ်ဦး ဖြစ်ပြီး ကမ္ဘာ့ရုပ်ရှင်ပရိသတ်များ အကြိုက်နှစ်သက်ဆုံး အမျိုးသမီး ရုပ်ရှင် သရုပ်ဆောင်များတွင် တစ်ဦးအပါအဝင်ဖြစ်သည့် ဆောင်းဟေကို (အွန်စော)သည် မကြာမီ ရက်ပိုင်းအတွင်း တရုတ်နိုင်ငံသို့ ခရီးထွက်မည် ဖြစ်သည်။

အွန်စော

တရုတ်နိုင်ငံ သို့ ခရီးထွက် မည့် အွန်စော။
(ဓာတ်ပုံ–အင်တာနက်)

ရုပ်ရှင်ဈေးကွက်

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် တရုတ် – တောင်ကိုရီးယား အနုပညာရှင်များ၏ ပူးတွဲရုံး အဆောက်အအုံတစ်ခု ဖွင့်လှစ်ခြင်း အခမ်းအနားသို့ အွန်စောတက်ရောက်မည်ဖြစ်သည်။ ထိုသို့ ရုပ်ရှင်အနုပညာဆိုင်ရာ ရုံးဖွင့်လှစ်ခြင်းသည် တရုတ်နိုင်ငံ၌ တဖြည်းဖြည်း ကျယ်ပြန့်လာသော တောင်ကိုရီးယား ရုပ်ရှင်ဈေးကွက်ကြောင့် ဖြစ်ကြောင်း သိရသည်။

အွန်စောသည် တရုတ်နိုင်ငံ၌ ရှိနေစဉ်အတွင်း အက်စ်ကေ တယ်လီကွန်းကုမ္ပဏီနှင့် ကြော်ငြာရိုက်ကူးမှုလည်း ပြုလုပ်မည်ဖြစ်ပြီး တရုတ်နိုင်ငံမှ သူမ၏ ပရိသတ်များနှင့်လည်း တွေ့ဆုံပွဲ ပြုလုပ်မည် ဖြစ်သည်။

ဆူဘင်

တစ်ဖန် တောင်ကိုရီးယား အမျိုးသားရုပ်ရှင် သရုပ်ဆောင် ရိုစီဝမ် (ဆူဘင်) ယခုအခါ “Wedding” အမည်ရှိ ရုပ်မြင်သံကြား ဇာတ်လမ်းတွဲကို စတင် ရိုက်ကူးနေပြီ ဖြစ်ကြောင်း သိရသည်။

ဆူဘင်တို့လည်း ဒရမ်မာ ကား ရိုက်နေ။
(ဓာတ်ပုံ–အင်တာနက်)

မေတ္တာဘွဲ့

ထိုရုပ်မြင်သံကြားဇာတ်လမ်းတွဲတွင် အဓိက သရုပ်ဆောင် မင်းသား မင်းသမီးနှစ်တွဲ ပါဝင်ထားပြီး ဆူဘင်က အဓိကမင်းသားအဖြစ် သရုပ်ဆောင်ထားသည်။ ယင်းရုပ်မြင်သံကြား ဇာတ်လမ်းမှာ ချမ်းသာကြွယ်ဝသော မိသားစုမှ မိန်းကလေးတစ်ဦးနှင့် တေးဂီတ ချစ်မြတ်နိုးသော တက္ကသိုလ်ကျောင်းသားတစ်ဦးတို့၏ မေတ္တာဘွဲ့ ဇာတ်လမ်းဖြစ်သည်။

ဆူဘင်၏ သရုပ်ဆောင်မှုကို တရုတ်၊ ဂျပန်နှင့် ဗီယက်နမ်နိုင်ငံများမှ ပရိသတ်များက အထူးနှစ်ခြိုက် အားပေးလျက်ရှိရာ အာရှ၏ စိတ်ဝင်စားမှုအရှိဆုံး ရုပ်ရှင်အနုပညာရှင်များ၌ တစ်ဦးအပါအဝင် ဖြစ်သည်။

၂၀၀၇ခုနှစ် တောင်ကိုရီးယားနိုင်ငံ၏ ကေဘီအက်စ် အကောင်းဆုံးအမျိုးသမီး သရုပ်ဆောင်ဆု ရေပန်းစားနေသည့် ဂျင်ဆန်းမီ။
(ဓာတ်ပုံ–အင်တာနက်)

ဂျင်ဆန်းမီ

ထို့အတူ တောင်ကိုရီးယား ရုပ်ရှင် သရုပ်ဆောင် ဂျင်ဆန်းမီ (ချေရင်း)သည် ၂၀၀၇ခုနှစ် ကေဘီအက်စ် အကောင်းဆုံး ရုပ်ရှင်သရုပ်ဆောင်ဆုအတွက်ရေပန်းအစားဆုံး ဖြစ်လျက်ရှိသည်။ ၂၀၀၇ ခုနှစ် ကေဘီအက်စ် အကောင်းဆုံး ရုပ်ရှင်ဆုချီးမြှင့်ပွဲကို လာမည့် ဒီဇင်ဘာ ၃၁ရက်၌ ကျင်းပမည်ဖြစ်သည်။

ဂျင်ဆန်းမီသည် ၂၀၀၄ခုနှစ်က ကေဘီအက်စ် အကောင်းဆုံးရုပ်ရှင်သရုပ်ဆောင်ဆု ရရှိမည်ဟု ရေပန်းစားခဲ့ပြီးနောက် ဆုနှင့်လွဲချော်ခဲ့ရသဖြင့် ယခုနှစ် ဆုချီးမြှင့်ပွဲသို့ တက်ရောက်ရန် သေချာမည်မဟုတ်ကြောင်း သိရသည်။

ဂျင်ဆန်းမီသည် လောလောဆယ်တွင် “Super Chaos in Seoul” အမည်ရှိ ရုပ်မြင်သံကြား ဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင် ရိုက်ကူးလျက်ရှိသည်။

လီဗျောင်ဟွန်း

တစ်ဖန် တောင်ကိုရီးယား ရုပ်ရှင်သရုပ်ဆောင် လီဗျောင်ဟွန်း (မင်ဟာ) နှင့် တောင်ကိုရီးယား အမျိုးသမီး ရုပ်ရှင်သရုပ်ဆောင် ချိုဂျီဝူး(ဂျီဆု)တို့ ပါဝင်သရုပ်ဆောင်ထားသော “Winter Sonata” ရုပ်မြင်သံကြား ဇာတ်လမ်းသည် ဂျပန်နိုင်ငံ၌ ပရိသတ်များ အထူးနှစ်ခြိုက်အားပေးလျက်ရှိကြောင်း သိရသည်။

ဂျပန်နိုင်ငံ၏ အသက် ၃၀နှင့် ၅၀အရွယ် အမျိုးသမီးများသည် မင်ဟာ၏ သရုပ်ဆောင်မှုကို အထူး နှစ်သက် အားပေးကြကြောင်း သိရသည်။ ထို့အပြင် မင်ဟာနှင့် ဂျီဆုတို့တွဲပြီး သရုပ်ဆောင်သော ရုပ်မြင်သံကြား ဇာတ်လမ်းတွဲများကို အထူးကြိုက်နှစ်သက်ကြကြောင်း ဂျပန်နိုင်ငံမှ အိုရီကွန်စတိုင် ရုပ်ရှင်လုပ်ငန်းမှ ကောက်ယူသော ပရိသတ်သဘောထားများ၌ ဖော်ပြထားသည်။ ။

ဂျပန်အမျိုးသမီး ပရိသတ်များ ကြိုက်နှစ်သက်သည့် မင်ဟာ (ဝဲ) နှင့် ဂျီဆု။
(ဓာတ်ပုံ–အင်တာနက်)

(ကိုးကား–အင်တာနက်)

လှိုင်သာယာမြို့နယ် အမှတ်(၅) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၇–၂၀၀၈ ပညာသင်နှစ်ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ဩဂုတ် ၁၈ရက်ကကျင်းပရာ ဆရာမတစ်ဦးက ကျောင်းကျန်းမာရေးနှင့် ပတ်သက်၍ ပညာပေးဟောပြောစဉ်။
(က–ပ)

ရန်ကုန်အရှေ့ပိုင်း ဆေးရုံကြီးသို့တန်ဖိုး ငွေကျပ် ၁၁၈၀၀၀၀ တန် နှလုံးစမ်းသပ်သည့် အီးစီဂျီစက် တစ်လုံးကို ဆီးနှင့်ကျောက်ကပ် အထူးကု ဆရာဝန်ကြီး ပါမောက္ခဒေါက်တာ ဦးဝင်းမြိုင်နှင့် ဇနီးသားဖွား မီးယပ် အထူးကု ဆရာဝန်ကြီးတွဲဖက်ပါမောက္ခ ဒေါက်တာ ဒေါ်နီလာဝင်း မိသားစုတို့က ဩဂုတ် ၂၄ ရက်၌ ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်စမ်းစမ်းလှိုင်က ဂုဏ်ပြုလွှာ ပေးအပ်ချီးမြှင့်စဉ်။
(၁၅၂)

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အောင်သိရီလမ်း၂၈/ ၇၂၆/၇၁ နေဦးခင်မောင်လေး–ဒေါ်မာမာအေး၊ သား မောင်မောင်အောင်ဖြိုး–မဝင်းပပ မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၁၅၀၀၀၀ကို တိပိဋကရေဆရာတော် ဘဒ္ဒန္တ ဣန္ဒာစရိယထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ပင်မ)ဥက္ကဋ္ဌ ရွှေစင်အကယ်ဒမီ ဦးသူတော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ကန့်ဘလူမြို့၌ ဝါဆိုသင်္ကန်းဆက်ကပ်

ကန့်ဘလူ ဩဂုတ် ၄

ကန့်ဘလူမြို့တွင် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင်၂၅ရက်က မဟာရွှေစည်ကြီးစေတီတော် သာသနာ့ဗိမာန်တော်၌ ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ပရိတ်တရားတော်များ ချီးမြှင့်သည်။

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးခွန်စိုးလွင်၊မဟာရွှေစည်ကြီးစေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌဦးတင်အေးနှင့်အဖွဲ့ဝင်များ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဘာသာရေး အသင်းအဖွဲ့များ တက်ရောက်၍ ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **(၀၅၆)**

မန္တလေး ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာပညာရေးဗိမာန်တော်ကြီး)အတွက် ဒိုက်ဦးမြို့နေ ဦးကျော်လွင်–ဒေါ်စိန်ကြည်၊ သား မောင်ရဲထက်ကျော်၊ သမီး မထက်ထက်လွင်မိသားစုက ကျောင်းအလှူငွေကျပ် နှစ်သိန်းကိုလှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင်ဥက္ကဋ္ဌ ဆရာတော်အရှင်ရာဇိန္ဒ(နာလန္ဒာ)က ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်တော်မူစဉ်။ (က–ပ)

မအူပင်၌ တစ်မိုးနှစ်သီး ပထမစပါးစံကွက်ရိတ်သိမ်း

မအူပင် ဩဂုတ် ၂၀

မအူပင်မြို့နယ်တွင် ၂၀၀၇–၂၀၀၈ မိုးစပါး တစ်မိုးနှစ်သီးပထမစပါး အောင်မြင်စွာ စိုက်ပျိုးဖြစ်ထွန်းခဲ့သော မအူပင်မြို့နယ် ကျုံစုတ်ကျေးရွာအုပ်စု ကွင်းအမှတ် (၉၀၈) ဦးပိုင်အမှတ်(၂၃/၂) တောင်သူဒေါ်နွဲ့နွဲ့သန်း၏ လယ်မြေတွင် ဩဂုတ် ၉ ရက် နံနက်က ကျင်းပသည်။

တက်ရောက်

အဆိုပါ တစ်မိုးနှစ်သီးပထမစပါး စံကွက်ရိတ်သိမ်းပွဲသို့ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်း၊ မအူပင်မြို့နယ်ဥက္ကဋ္ဌဦးဘိုထွန်း၊ ခရိုင်နှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ပတ်ဝန်းကျင်ကျေးရွာအုပ်စုများမှ ရပ်ကွက်အဖွဲ့များနှင့် တောင်သူလယ်သမားများ တက်ရောက်အားပေး လေ့လာခဲ့ကြသည်။

ရိတ်သိမ်း

ထို့နောက် တောင်သူဒေါ်နွဲ့နွဲ့သန်း၏ အောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့သော တစ်မိုးနှစ်သီးပထမစပါး ထွန်းသီရိစပါးစိုက်ကွက်ကို စံကွက်ရိတ်သိမ်းကြရာ အထွက်နှုန်း ၆၀ ဒသမ ၁၄ တင်း ထွက်ရှိကြောင်း သိရသည်။**(ယာပုံ)**

စိုက်ပျိုး

မအူပင်မြို့နယ်တွင် အောင်မြင်စွာ စိုက်ပျိုးဖြစ်ထွန်းခဲ့သော တစ်မိုးနှစ်သီး ပထမစပါးများကို ရိတ်သိမ်းလျက်ရှိကြပြီး ရိတ်သိမ်းပြီးသော လယ်မြေများတွင် ဒုတိယမိုးစပါးများ ပြန်လည်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မိုင်းယန်းမြို့ သာယာလှပရေးအတွက် မိုင်းယန်း–ဆီလူးအထွက်လမ်း အထက(မိုင်းယန်း)ကျောင်းလမ်းဘေးဝဲယာတစ်လျှောက် သစ်ပင်စိုက်ပျိုးခြင်းနှင့် ချုံနွယ်များ ရှင်းလင်းခြင်းလုပ်ငန်းကို ဩဂုတ်၄ရက်က ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

နမ့်ခမ်းမြို့၌ ကတ္တရာလမ်းဖာထေး

နမ့်ခမ်း ဩဂုတ် ၉

ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၇–၂၀၀၈ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သည့် မြို့တွင်းလမ်းများ ကတ္တရာလမ်းပေါက်ဖာထေးခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၃ရက် နံနက် ၉နာရီက မြို့တွင်းလမ်းများ၌ ကတ္တရာဖာထေးနေမှု အခြေအနေများကို အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းစိုးနှင့် တာဝန်ခံအင်ဂျင်နီယာဦးဝင်းဦးတို့ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စာသင်ခုံနှင့် ရေစင်၊ ရေတိုင်ကီများ ပေးအပ်လှူဒါန်းပွဲ ဖားကန့်၌ ကျင်းပ

ဖားကန့် ဩဂုတ် ၂

ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု တွဲဖက်အထက်တန်းကျောင်းအတွက် စူပါစိမ်းကျောက်မျက်ကုမ္ပဏီမိသားစုက စာသင်ခုံနှင့် ရေစင်၊ ရေတိုင်ကီ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၈ ရက် နံနက် ၁၀ နာရီခွဲက အဆိုပါကျောင်းစိမ်းလဲ့မြိုင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူးက အမှာစကားပြောကြားပြီး လုံးခင်းကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးနေမျိုးဇော်က ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် စေတနာရှင် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေကို ရှင်းလင်းပြောကြားကာ အလှူရှင် စူပါစိမ်းကျောက်မျက်ကုမ္ပဏီမိသားစုက ငွေကျပ် ၇၃သိန်းကျော်တန်ဖိုးရှိ စာသင်ခုံ အစုံ ၂၅၀နှင့် ရေစင်၊ ရေတိုင်ကီတို့ကို ကုမ္ပဏီမိသားစုကိုယ်စား ဒါရိုက်တာ ဦးသန်းမြင့်က ပေးအပ် လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သန်းနွဲ့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

(မြို့နယ် ပြန်/ဆက်)

မြဝတီမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဘုရင့်နောင်ဈေးကြီးအတွင်း ဝမ်းပျက်၊ ဝမ်းလျှောကြို့တင်ကာကွယ်ရန် ဈေးတွင်း ဈေးပြင် ပိုးသတ်ဆေးရည်များဖြင့် နှိမ်နင်းခြင်း၊ ယင်လုံဆန်ခါများ၊ ယင်ဖမ်းဆေးများဖြင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဇူလိုင် ၂၀ရက်က ကျန်းမာရေးဌာနနှင့် ပူးပေါင်း၍ ဦးစီးအရာရှိ ဦးကျော်သူလတ် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သိန်းနီပညာ့အလင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့် စာအုပ်စာစောင်၊ ရေဒီယိုနှင့် အလှူငွေများလှူဒါန်း

သိန်းနီ ဩဂုတ် ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း)သိန်းနီမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ သိန်းနီမြို့နယ် မိုင်းပါးကျေးရွာ ပညာ့အလင်းကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဇူလိုင်၇ရက်က အဆိုပါစာကြည့်တိုက် အဆောက်အအုံ၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ အဆောက်အအုံသစ်ကို ကျေးရွာစု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းစံအေးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်နွယ်နွယ်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရေဒီယိုတစ်လုံးနှင့် သုတ၊ ရသစာအုပ်မျိုးစုံအုပ် ၂၅၀၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက စာစောင်၃၀၊ ဒေါ်နန်းဆိုင်(နှင်းဟေမာန်စာပေ)က မဂ္ဂဇင်းအုပ်၆၀၊ မြန်မာနိုင်ငံရဲသတင်းတပ်ဖွဲ့က စာစောင် ၅၀၊ စာကြည့်တိုက် ငွေပဒေသာပင်စိုက်ထူရေးအတွက် အလှူရှင်များက အလှူငွေများ ပေးအပ် လှူဒါန်းကြရာ မိုင်းပါးကျေးရွာဥက္ကဋ္ဌ ဦးစိုင်းစံအေး လက်ခံယူကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ငပုတောမြို့နယ်တောင်ကလေးကျေးရွာ ပညာအမွေ စာကြည့်တိုက်အတွက် စာအုပ်လှူဒါန်းပွဲကို ဇွန် ၁၂ရက်က ကျင်းပရာ သုတ၊ ရသ စာအုပ် ၁၅၀ ကို (ကုန်သည်) ဦးဇေယျာက ကျေးရွာအတွင်းရေးမှူး ဦးဝင်းနိုင်သို့ ပေးအပ်စဉ်။ (က–ပ)

မိတ္ထီလာခရိုင် အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်များ သာစည် လှိုင်းတက်ကျေးရွာသို့ ကွင်းဆင်းကုသ၊ ကျန်းမာရေးပညာပေး

မိတ္ထီလာ ဩဂုတ် ၄

မိတ္ထီလာခရိုင် အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဦးမျိုးသန်း ဦးဆောင်သော အထူးကုဆရာဝန်ကြီးများနှင့်အဖွဲ့သည် ဇူလိုင် ၂၆ရက်က သာစည်မြို့နယ် လှိုင်းတက်ကျေးရွာသို့ ကွင်းဆင်း၍ အခမဲ့ဆေးကုသမှုပေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ကြသည်။

ဆောင်ရွက်ပေး

အဆိုပါကွင်းဆင်း ဆေးကုသမှုလုပ်ငန်းတွင် ဆေးရုံအုပ်ကြီးနှင့်အတူ ဆေးပညာအထူးကုဆရာဝန်ကြီး ဒေါက်တာဦးစိုးသန့်နိုင်၊ စိတ်ကျန်းမာရေး အထူးကုဆရာဝန်ကြီး ဒေါက်တာဦးမြင့်ဆွေ၊ ကလေးအထူးကုဆရာဝန်ကြီးဒေါက်တာဒေါ်ငွေငွေဝင်း၊ ခတ်မှန်အထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်ငြိမ်းမြင့်၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆရာဝန် ဒေါက်တာ ဦးမြတ်ဆွေ၊ မျက်စိအထူးကုဆရာဝန် ဒေါက်တာဦးကိုကိုသန်း၊ သားဖွားမီးယပ် အထူးကုဆရာဝန် ဒေါက်တာဒေါ်ယုယုလှိုင်၊ သွားဘက်ဆိုင်ရာဆရာဝန်ဒေါက်တာ ဒေါ်နိုင်အေးခက်၊ ခရိုင်တိုင်းရင်းဆေးခန်း ဒုတိယဆေးခန်းမှူး ဒေါ်မီမီဝင်း စသည့် အထူးကုဆရာဝန်ကြီးများနှင့်အဖွဲ့သည် လူနာ ၂၁၂ဦးအား ကျန်းမာရေးအသိပညာပေးခြင်း၊ အခမဲ့ဆေးကုသမှုပေးခြင်းနှင့် လူနာ ၂၅ဦးအား မိတ္ထီလာ အထွေထွေရောဂါကုဆေးရုံကြီးသို့ဆေးကုသမှုခံယူရန် ညွှန်းပို့ပေးခြင်းများ ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရန်ကုန်တိုင်း ဗဟန်း မြို့နယ် ငါးထပ်ကြီးဘုရားလမ်း ၁၁၁F နေ ဦးစိန်အောင်–ဒေါ်လှလှမိသားစုက ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်ဌာန) ဥက္ကဋ္ဌ ဦးကျော်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ခန္တီးမြို့၌ စုပေါင်းသန့်ရှင်း

ခန္တီး ဩဂုတ် ၈

ခန္တီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ခန္တီးမြို့ဈေးသူ ဈေးသားများစုပေါင်း၍ ဈေးအတွင်း စုပေါင်းသန့်ရှင်းရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်မှုကို ဇူလိုင် ၂၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဘွား နှင့်တာဝန်ခံအင်ဂျင်နီယာ ဦးဆန်းမိုးတို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြို့ဦးစေတီမွမ်းမံရန် အလှူရှင်များငွေလှူဒါန်း အာရုံခံတန်ဆောင်း ဆောက်လုပ်ရန်ပန္နက်တင်

ကျောက်ပန်းတောင်း ဩဂုတ် ၅

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့ မြို့ဦးစေတီတော်ကြီးကို နယ်မြေခံတပ်နယ်မှဗိုလ်မှူးချုပ်သန်းထွန်း နာယကအဖြစ် ကြီးကြပ်လျက် တည်ဆောက်ရေးကော်မတီအဖွဲ့ဝင်များဖြင့် တည်ဆောက်လျက်ရှိရာ စေတီတော်ကြီးမှာ ၇၅ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သောကြောင့် စေတီတော်ကြီး မွမ်းမံရန်အတွက် လွတ်လပ်ရေး ရပ်ကွက်နေ ဦးထွန်းမောင်အားရည်စူး၍ ကျန်ရစ်သူ ဒေါ်လှလှမိသားစု (ကမ္ဘာအောင်) နာရီဆိုင် ဈေးမြောက်ဘက်က စေတီတော်ကြီးအနီးအကျယ်ပေ ၃၀ x ပေ ၂၀ရှိ အာရုံခံတန်ဆောင်း ဆောက်လုပ်လှူဒါန်းကြရာ ဇူလိုင်၁၆ရက် နံနက်က ပန္နက်တင် အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တခေမိန္ဒဆရာတော် အမှူးပြုသော အဖွဲ့ဝင်ဆရာတော်ငါးပါး ကြွရောက်တော်မူပြီး အလှူရှင်များနှင့် စေတီတော်တည်ဆောက်ရေး ကော်မတီအဖွဲ့ဝင်များအား ငါးပါးသီလခံယူ၍ အာရုံခံတန်ဆောင်း ဆောက်လုပ်မည့်နေရာတွင် ပရိတ်တရားတော်နှင့် ကမ္မဝါများ ရွတ်ဖတ်၍ တာဝန်ရှိသူများက ပန္နက်တင်ကြသည်။

ထို့နောက် အလှူရှင်များက ဆရာတော်ကြီးငါးပါးအား နေ့ဆွမ်းဆက်ကပ်ပြီး ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းရာ မြို့နယ် သံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဆရာတော်က သာဓု အနုမောဒနာတရားတော်များ ဟောကြား၍ လှူဖွယ်ဝတ္ထုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(အပေါ်ပုံ)** **(ဝ၆၁)**

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အမှတ်(၄၂) U.9ရပ်ကွက် ဗိုလ်မှူးဗထူး လမ်းမကြီးပေါ်ရှိ ကိုးဘွဲ့ရ သာသနာပြုကျောင်းတိုက်ကြီး တည်ဆောက်ရန်အတွက် ဗဟန်းမြို့နယ် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် ဇမ္ဗူဒီပ စာပေ ပိုင်ရှင် ရဟန်းအမ မခင်မမချို မိသားစုက အလှူငွေကျပ်တစ်သိန်းကို ကိုးဘွဲ့ရ ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး မဂ္ဂဇင်းနှင့် ဂျာနယ်များ ပေးအပ်လှူဒါန်း

မိုင်းဖြတ် ဩဂုတ် ၂၂

မိုင်းဖြတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် ဩဂုတ် ၁၅ရက်က ဆားလို့မိုင်ကျေးရွာ၊ ဩဂုတ် ၁၆ရက်က ဝမ်ယမ်းကျေးရွာ အမကကျောင်း၌ စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး၊ စာအုပ်ပေးအပ်လှူဒါန်းပွဲနှင့် စာဖတ်ပွဲကျင်းပသည်။

လက်ခံယူ

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန်းဇော်ဦးက စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ငန်းစဉ် ငါးရပ်နှင့် စာဖတ်ပွဲ ကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး မဂ္ဂဇင်းနှင့် ဂျာနယ်များ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးအားဂေါ်က လက်ခံယူသည်။

ဖတ်ကြား

ထို့နောက် စာဖတ်ပွဲကျင်းပရာ ဩဂုတ် ၄ရက်ထုတ် မြန်မာ့အလင်း သတင်းစာ အယ်ဒီတာ့အာဘော် သွေးလွန်တုပ်ကွေးရောဂါ အန္တရာယ်ကင်းဝေးရေး ကျန်းမာရေးသတိဖြင့် စနစ်တကျ ဝိုင်းဝန်းကာကွယ် ကို ဦးအားကိုကလည်းကောင်း၊ ဩဂုတ် ၁၁ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဒေါက်တာခင်မောင်လွင်၏ ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်းပါးကို ဦးဂျော်နီကလည်းကောင်း ဖတ်ကြားကြသည်။

(ခရိုင် ပြန်/ဆက်)

ဆက်ကပ်လှူဒါန်း

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ညောင်တုန်းကျောင်းတိုက် မင်္ဂလာစံကျောင်း၏ (၁၅)ကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပွဲတွင် ကျောင်းအကျိုးဆောင် ဦးစိုးတင့်၊ သား ကိုဋ္ဌေးလွင်တို့က ဆရာတော်ထံ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။

(က–ပ)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
ဝါခေါင်လပြည့်ကျော် ၁ ရက်
၂၉–၈–၂၀၀၇
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မောရသုတ်နှင့် ဝဋ္ဋသုတ်)

နေ့လယ်ပိုင်း

၁၀:၀၀ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝါသနာရှင် (ဒုတိယတန်း)အဆင့် အမျိုးသမီး အဆိုပြိုင်ပွဲဝင်များ လေ့လာနားဆင်ရန် (ကာလပေါ်တေး/ခေတ်ဟောင်းတေး)

၁၁:၁၅ စိုက်ပျိုးရေးရာပြန်ကြားလွှာ

၁၂:၀၀ ယဉ်ကျေးမှုအနုပညာ (မြန်မာနှင့်မိုး ဒေါ်စောမုံညင်း)

၁၂:၂၅ သူ့အတွေးနှင့် သူ့အရေး (ကိုယ်ပြုတဲ့ကံ ကိုယ့်ထံပြန်–ခင်စောတင့်)

၁၂:၃၅ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနားဆင်ရန်မဟာဂီတ
(၁) ခွာပြာသင်း (ပတ်ပျိုး)
(၂) တိမ်မှောင်မြေးကင်း(လောကနတ်)

ညနေပိုင်း

၁၆:၁၀ နိုင်ငံ့စီးပွား ကျေးလက်ထုတ်ကုန်များ (ရွှေနဒီဦး ဗေဒါကုန်ချော ထုတ်လုပ်ရေး)

၁၇:၀၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ရွက်စိမ်း (ခင်ညွန့်ရီ)
(၂) အချစ်အတွက် ထာဝရလေပြည် (စန္ဒရားဘိုကြီး)
(၃) ဘယ်နေ့ပြန်လာမှာလဲမောင် (ထား)

၁၇:၃၀ ခံတွင်းမြိန်စရာ သူ့လက်ရာ (ရေဆယ်မုန့်တီ)

၁၇:၄၅ သူ့လက်သံ [၂၀၀၇ ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များလေ့လာရန် ဝါသနာရှင် (ပထမတန်း)အဆင့် (စောင်း)]
– သောင်းကျေးဒီပါဇွေ (မွန်)
– သပြေပင်ဝန်း(ကြိုး) (တင်တင်မြ)

၁၈:၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) မရောက်ပေမယ့်ရပါစေ (သာမဏေကျော်)
(၂) အသံတိတ်နဲ့ကျိတ်ငိုသည် (ဓမ္မဒူတအရှင်ဆေကိန္ဒ)

၁၉:၁၅ မြန်မာမှု မြန်မာ့သဘင် (ကွက်စိပ်) [ဟာသ်ာတဆရာမိုးကျော်၏ ဝေဿန္တရာဇာတ် (ကွက်စိပ်)]

၂၀:၃၀ မေတ္တာလက်ဆောင်ရတေးစီးရီး (ဂရိတ်တေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သည့် ပုသိမ်ညိုမောင်၏ ရုပ်သေးမင်းသားတေးစီးရီး)

ပဲခူး ပြန်/ဆက် ဦးစီးဌာန လုပ်ငန်းညှိနှိုင်း

ပဲခူး ဩဂုတ် ၁၇

ပဲခူးတိုင်း(အရှေ့ပိုင်း)ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်သည် ဩဂုတ် ၁၃ရက်က ပဲခူးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာကြည့်ခန်းတွင် ခရိုင်ဦးစီးအရာရှိ ဒေါ်လှလှနှင့် ပဲခူးခရိုင်အတွင်းရှိ မြို့နယ်ဦးစီးမှူးများ တွေ့ဆုံ၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး လုပ်ငန်းများ ဆွေးနွေးသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ပဲခူးတိုင်း(အရှေ့ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်က အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** ခရိုင်ဦးစီးအရာရှိ ဒေါ်လှလှနှင့် မြို့နယ်ဦးစီးမှူးများက မိမိတို့ မြို့နယ်အလိုက် ဝန်ထမ်းစည်းကမ်းများ၊ ရုံးလုပ်ထုံးလုပ်နည်းများ၊ ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ငန်းများ အခြေအနေများကို တင်ပြကြသည်။ **(ခရိုင် ပြန်/ဆက်)**

ညောင်လေးပင် ကြံခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာပေးအပ်

ညောင်လေးပင် ဩဂုတ် ၂၅

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၁၅ရက် နံနက် ၁၀နာရီက ညောင်လေးပင်မြို့နယ် ရှမ်းရွာကျေးရွာအုပ်စု ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးပိုင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးကျော်ဦးတို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် အသင်းဝင်အဆိုပြုလွှာ ပေးအပ်ခြင်းနှင့် အသင်းဝင်ကတ်ပြားများ ပြန်လည်ပေးအပ်ရာ မြို့နယ်အသင်းအတွင်းရေးမှူး ဦးစိုးပိုင်က အလုပ်အမှုဆောင် နယ်မြေဒေသတာဝန်ခံ ဦးသန့်ဇင်ဦးနှင့် ကျေးရွာအုပ်စု စည်းရုံးရေးမှူး ဦးခင်မောင်လွင်တို့ထံ အသင်းဝင်အသိအမှတ်ပြုကတ်ပြားများ ပြန်လည်ပေးအပ်သည်။ **(ယာပုံ)** **(၁၃၄)**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းဘုရင့်တပ်မတော်ကြည်းတပ်ဦးစီးချုပ် ဦးဆောင်သောချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်

နေပြည်တော် ဩဂုတ် ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ Chairman of Council for National Security နှင့် ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General, Sonthi Boonyaratglin ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိလာကြသည်။

ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် ထိုင်းနိုင်ငံ Chairman of Council for National Security နှင့် ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General, Sonthi Boonyaratglin ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်လှိုင်မြင့်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ■

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းနိုင်ငံ Chairman of Council for National Security နှင့် ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General, Sonthi Boonyaratglin အား နေပြည်တော်လေဆိပ်တွင် ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

အမျိုးသားညီလာခံ စုံညီအစည်းအဝေး

အမျိုးသားညီလာခံစုံညီအစည်းအဝေးဆက်လက်ကျင်းပ

အမျိုးသားညီလာခံက ချမှတ်သည့်အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့က ဖတ်ကြားတင်ပြ

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၂၇

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက်၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရန် အမျိုးသားညီလာခံက ချမှတ်သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံစုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့က အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ ဖတ်ကြားတင်ပြသည်။

တက်ရောက်

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊

စာမျက်နှာ ၃ ကော်လံ ၁ ❒